စီရင်တိုင်းတု သဒ္ဓမ္မဇော

ဘင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော

# ဥာကာစာဂိ မဟာထေရ်

စီရင်ရေးသားအပ်သော

# ရတနာဘဏ်တိုက်ကြီး(ခေါ်)

## စစ်ဝေ့ရတနာတရားစာ။

ဂေါဓမ္မေ-ကော်ယန်ဗော၊ ဘုရားဟော

ယောဂီတို့သတိချပ်ရန်။

ခါတ္တ်ပေါ်မှု နာမ်ကရူ။
ပေါ်သို့ပေါ်သိ၊ နိဗ္ဗာန်အထိ။
...ဂ်...ခုသတိကြပ်ကြပ်ပြု။
...မှု၊ ကျ...

◉ လယ်တီဆရာတော်။
◉ ဥာကာစာဂိဆရာတော်။
◉ စွန်းလွန်းဆရာတော်။

...ချ(၁၁၀၀)

...ဂ်ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
ဥာက...
ရှစ်မိုင်-သမိုင်းစာတိုက်-ရန်ကုန်မြို့။
စကားပြောကြေးနန်း-၆၀၁၀၃

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုသည့်အမှတ် (၃၃၇၃)


ဗုဒ္ဓသာသနာစာကြည့်တိုက်
ဘာသာရေးဝန်ကြီးဌာန ... ဗုဒ္ဓသာသနာစာကြည့်တိုက် ... ရန်ကုန်။
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်
၃
၁၈

နိုင်ငံတော် ကမ္မဋ္ဌာနာ စရိယ
ဉာဏစာဂိ မဟာထေရ် ဆရာတော်ဘုရားကြီး ၏ပုံ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

# ရတနာဘဏ်တိုက်ကြီးဓါတ် စစ်ပေး

# ရတနာတရားစာ

## (နိဒါန်းစကား)

## (၁) ရတနာဆယ်ပါးထုတ်နည်းပြသချက်

| သမုဒ္ဒရာမှာ ရတနာ ၁၀-ပါးရှိသည် | သာသနာ၅၀၀၀မှာ ရတနာ ၁၀-ပါးရှိ | ခန္ဓာကိုယ်မှာ ရတနာ၁၀-ပါးရှိသည် |
|---|---|---|

ယနေ့ကစ၍ နိဗ္ဗာန်အထိ အလွန်အမင်း ချမ်းသာခြင်းငှါ၊အလိုရှိကြသောသူတို့သည်။ ခန္ဓာကိုယ်ထဲမှာ ရှိနေသော ရတနာဆယ်ပါးတို့ကို ထုတ်ယူ၍ သုံးစွဲကြပါလျှင် အလွန်အမင်းပင် ယနေ့ကစ၍ နိဗ္ဗာန်အထိချမ်းသာခြင်းနှင့်နေထိုင်သွားလာကြရမည်။ ဥပမာ (၁)ပုံစံကို ကြည့်တော့ မဟာသမုဒ္ဒရာဆိုတာ အကျယ်အဝန်းအားဖြင့် ယူဇနာပေါင်း သုံးသန်း၊ ၇-သိန်းမျှ ကျယ်ဝန်းပါသည်။ အနက်မှာတော့ ယူဇနာ(၈၄၀၀၀)မျှနက်ပါသည်။ ၎င်းမဟာသမုဒ္ဒရာထဲမှာ ရတနာဆယ်ပါးရှိ၍နေပါသည်။(သာဓကမှာ) သေယျထာ ပိဘိကဓ္ဓဝေ၊မဟာသမုဒ္ဒေါ၊ဗဟုရတနော၊အနေကရတနော။ အစရှိသည်ဖြစ်။ စူဠဝါပါဠိတော်နှင့် အင်္ဂုတ္တရပါဠိတော်များ၌ ဘုရားရှင်ကြီးကဟောထားပါသည်။(အနက်ကား)

မဟာသမုဒ္ဒေါ၊အကျယ်အဝန်းအားဖြင့်။ ၃-သန်း၊၇-သိန်း ဘိက္ခုဝေ၊ ချစ်သားတို့။ ယောဇနာပါ၊ ဥပမာမည်သည်ကား ရှိသော၊မဟာသမုဒ္ဒရာကြီးသည်။ ဗဟုရတနော၊များသော ရတနာ ရှိ၏၊အနေကရတနော၊ အသင်္ချေအသင်္ချာမရေသာ သော ရတနာရှိ၏။ ။၎င်းသမုဒ္ဒရာ ကြီးထဲမှာ ရွှေ၊ ငွေ၊ ပုလဲ၊ ကျောက်မျက်ရွဲ၊ သန္တာ ဝဇီရာ၊ ပတ္တမြား၊ ဂေါမုတ်၊ မသာရဂါမ်၊ ဆိုတဲ့ရတနာ ၁၀-ပါး များစွာရှိ၍ နေ၏။ ရတနာတွေ ရှိနေသောကြောင့် သမုဒ္ဒရာကို (သာဂရ)ဟု ခေါ်ကြသည်။သာရ ဂရ ၂-ပုဒ်တည်း။သာရ အနှစ်နှင့်ပြည့် စုံသော။ဂရ၊ဘဏ္ဍာအိမ်ဟူ၏။ ရွှေ-ငွေစသောရတနာတွေကို ထားရာ ဘဏ္ဍာတိုက်ကြီးဟု သိကြရသည်။

သါသနာ ၅၀၀၀-လဲ၊သါဂရပါဘဲ။(ဝေမေဝခေါဘိက္ခ ဝေ၊အယံဓမ္မဝိနယော၊ ဗဟုရတနော၊ အနေကရတနော။) စဥ္စဝါ၊ အင္ဂုတ္တရ ပါဠိတော်မှ။ ချစ်သားတို့၊ ငါဘုရားက ဥပမာအားဖြင့် ပြရပါမူ။ မဟာသမုဒ္ဒရာကြီး လိုပါဘဲ။ ငါဘုရား၏ သာသနာတော်ကြီးဟာလဲ။ ဗောဓိပက္ခိယ စ သော ရတနာတွေနှင့် ပြည့်ပြည့်-ဝဝ ရှိနေကြသည်။ ၎င်း ရတနာတွေကို သတိနှင့်တူးဆွ၍ သမာဓိနှင့် ယက်ထုတ်လျှင် ဗောဓိပက္ခိယရတနာတွေကိုရ၍ မဂ်ပြည်၊ ဖိုလ်ပြည်၊ နိဗ္ဗာန် ပြည်၌ နေကြရသည်။ ဝိပဿနာသူခကြီးနှင့် နေရသည်။ အတိုင်းမသိ ချမ်းသာ-ဧမြ ရှင်ပျော်ရသည်။

လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏ခန္ဓာကိုယ်ကြီးသည်လည်း။

ရတနာဆယ်ပါးတို့၏ တည်ရာပင် ဖြစ်သည်။ (ပဥ္စက္ခန္ဓာ၊ ဝိပဿနာယဘူမိ။)အဋ္ဌကထာနှင့် ဋီကာများ၌ မိန့်ဆိုကြပုံ။ ပါဠိတည်း။ ခန္ဓာငါးပါး ရှိသော ခန္ဓာကိုယ်ကြီးဟာလဲ ဝိပဿနာ ၁၀-ပါး။ သုစရိုက် ၁၀-ပါး၊ ပုညကြိယာတို့၏ တည်ရာပါဘဲ။ ရင်းဘို့ကို သဒ္ဓါနဲ့၊ စေတနာနဲ့၊ ဆန္ဒနဲ့၊ ဝိရိယနဲ့ ထုတ်ဆုတ်ငြင်းသုံးစွဲလျှင် နိဗ္ဗာန်အထိ။ အမိတဘောဂ စည်းစိမ်းနှင့်ချမ်းသာစွာနေရမည်။

## (၂) ဒုက္ခဆင်းရဲ ၂-စုမှ ကျွတ်လွတ် ထွက်မြောက်စေခြင်း

(၃၁) ဘုံမှာရှိနေသော ဒုက္ခ ၂-စုမှ ကျွတ်လွတ်၊ ထွက်မြောက်စေလိုပါလျှင် (၁)ဝေဒယိတဒုက္ခတွေတဲ့။ အပါယ်ဆင်းရဲဒုက္ခ၊ လူ၏ဆင်းရဲဒုက္ခတို့ပါ။ (၂)သင်္ခါရဒုက္ခ၊ ကံစိတ် ဥတု အာဟာရဖြင့် ပြုပြင်ပေးနေရသော ဆင်းရဲဒုက္ခ တစုပါ။ အဲဒီဆင်းရဲဒုက္ခ ၂-စုမှ ကျွတ်လွတ်စေဘို့မှာ (ဣဒံခေါပန၊ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အကျင့်)မှစကြာမှပြ၏။ (ဒုက္ခ)ဆင်းရဲ နိရောဓ ချုပ်ငြိမ်းဘို့။ (ဂါမိနီပဋိပဒါ) ရောက်စေနိုင်သော မဂ္ဂင်ရှစ်ပါးဆိုတဲ့။ ဝိပဿနာအကျင့် ဆင်းရဲဒုက္ခတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်ဆိုတာ ဝိပဿနာပါဘဲ။ (၁) ဝိပဿနာဉာဏ်ကို မဂ်တရားဟုခေါ်သည်။ (ဝိပဿနာ အယံ ဝုစ္စတိ၊ အသင်္ခတဂါမိမဂ္ဂေါ)ဆိုတဲ့။ ပါဠိကိုကြည့်ပါ။ ဝိပဿနာ ဟာ နိဗ္ဗာန်သွားတဲ့ မဂ်တရားပါဘဲတဲ့။ (၂)တနည်း

(ကောယနော အယံခေါ် ဘိက္ခဝေ၊ မဂ္ဂေါ။) ဒုတိယပါဠိကို ကြည့်ပါ။ သတိပဋ္ဌာန် လေးပါးအကျင့်ဟာ တကြောင်း ကည်းသော နိဗ္ဗာန်သွားသော မဂ်တရားပါဘဲတဲ့။ (၃) တနည်း (ဝိပဿနာတိ၊ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သာဝကာနံ ဂတ မဂ္ဂေါ)ပါဠိကိုကြည့်ပါ။ဝိပဿနာဆိုတာ ဘုရားများ၏သွား ရာမဂ်တရားပါဘဲ၊ ပစ္စေကဗုဒ္ဓါများ၏သွားရာမဂ်တရားပါ ဘဲ။ အရိယာသာဝကတို့၏ သွားရာမဂ်ပါဘဲတဲ့။(၄)တနည်း (အယံမဂ္ဂေါ အယံအမဂ္ဂေါ။) ပါဠိကို ကြည့်ပါ။ သေ၊ပူသိ၊ အစရှိသောဝိပဿနာဉာဏ်တွေဟာမဂ်တရားပါဘဲ။ အဆင်း အရောင်စသော(၁၀)ပါးသာလျှင် အမဂ်ပါဘဲ။မဂ်မှားပါ ဘဲဟုဟောခဲ့သည်။ ဝိပဿနာမဂ်ဟာ ဒုက္ခဆင်းရဲငြိမ်းတွေ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့သွားကြောင်းဖြစ်သော မဂ် တရားပါဘဲ။ အကျင့်ပါဘဲဟူ၏။

## (၃) ဒုက္ခမှကျွတ်လွတ်ချင်လျှင် ဒုက္ခကို သိထားကြပါ

(ဒု) စက်ဆုတ်၊ ရွံစရာ၊ ထိတ်လန့်စရာ၊ ကြောက်စရာ အားလုံးကို(ဒုက်)ဟု ဆိုသည်။(က္ခ) ဆိုတာ တည်စရာ၊ မှီခို ဝရာ၊ လိုချင်စရာ၊ အားထားစရာ၊ သုဘ၊ နိစ္စ၊ သုခ၊ အတ္တ သာရဆို၍ဘာမှမရှိတဲ့။ အဲဒါတစုစီခဲ့ပြတာပါ။

ပေါင်း၍ပြရလျှင်(ဒုက္ခ)စက်ဆုတ်စရာအပြည့်၊ ရွံစရာ အပြည့်၊ ထိတ်လန့်စရာအပြည့်၊ ကြောက်စရာအပြည့်၊ မုန်း

စရာအပြည့်ဖြစ်သော အသုဘ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော တွေသာ တကယ်ရှိ၍ လိုချင်စရာ တည်စရာ၊ မှီခိုစရာ၊ အားသားစရာဖြစ်သော။ သုဘတို့၊ နိစ္စတို့၊ သုခ၊ အတ္တတို့ကား လုံးဝမရှိပါဘဲ ဒါကို ဒုက္ခဟုခေါ်သည်။ (မကြိုက်ထားသာရှိ၍ ကြိုက်စရာ လုံးဝမရှိတာ ဒုက္ခပါဘဲ။

[ဒုက္ခတိအယံသဒ္ဒေါ၊ ကုစ္ဆိတေ၊ ဒိဿတိ၊ ကုစ္ဆိတုညို၊ ပုတ္တာ ၊ ဒုပုတ္တောတိ၊ ဝဒန္တိ၊ ခံသဒ္ဒေါပနံ၊ တုစ္ဆေ၊ တုစ္ဆည္ဆို၊ အာကာသံ၊ ခန္တိဝုစ္စတိ။] သမ္မော၊ ဝိသုဒ္ဓိမဂ်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ သုံးကျမ်းမှ။ သာဓက ထုတ်ပြသည်။ ဝိပဿနာ မဂ်ကိုကျင့်မှ ဤဒုက္ခတွေမှကျွတ်လွတ် ထွက်မြောက်ကြလိမ့်မည်ဟု၊ မြတ်စွာဘုရားဟောခဲ့ပါသည်။

## (၄) ဒုက္ခမျိုးစုံစုဝေးနေသောခန္ဓာမှ ကျွတ်လွတ် ထွက်မြောက်ကြစေရန်

(ခ) နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဟူသော လိုချင်စရာတွေ ဟာ ဘာမှမရှိပါတဲ့။

(ဓါ) ဆိုတာ ဒိဋ္ဌိစသော (၁၅၀၀) ကိလေသာတို့ကို ထမ်းပိုးဆောင်ထားခြင်းပင်တည်း။ပေါင်းပြရလျှင်(ခန္ဓာ) အရမှာ၊ နိစ္စ၊ သုခ၊ အတ္တ၊ သုဘတွေတော့မရှိပါ။ တာပေမဲ့ ဒိဋ္ဌိ စသော (၁၅၀၀) ကိလေသာတို့ကို ဆောင်ထမ်းနေတဲ့ (ခန္ဓာ)ပါဘဲဟူ၏။ ဒီလို ဒုက္ခပေးနေတဲ့ ခန္ဓာကိုယ်မှ လွတ်အောင် (ဝိပဿနာမဂ်ကို ကျင့်ကြပါ)တဲ့။

**(၅) နိဗ္ဗာန်ရွှေပြည်ကြီး နိဗ္ဗာန်သွားလမ်း ညွှန့်ပြလမ်းပြသူ**

(၁) နိဗ္ဗာန် ရွှေ ပြည် ကြီး ဟာ နိစ္စနဲ့၊ သုခနဲ့၊ ပဝရသုခနဲ့ အမြဲတမ်း ရှိနေပါတယ်။ (၂) ဝိပဿနာမဂ်လမ်းဖြင့်သွားမှရောက်မည်။ (၃) နိဗ္ဗာန်နဲ့ ဝိပဿနာမဂ်လမ်းကိုညွှန်ပြနေသူကား မြတ်စွာဘုရား၊ အရိယာ သာဝကတွေပါဘဲ။ ဒါကြောင့်။ ဗုဒ္ဓံ၊ သရဏံ ဂစ္ဆာမိကြရတယ်။ ဓမ္မံ သရဏံ ဂစ္ဆာမိကြရတယ်။ သံဃံ သရဏံ ဂစ္ဆာမိကြရတယ်။ အံ့ဩစရာကောင်းပုံမှာ (၁)နိဗ္ဗာန်ပြည်ကြီးကလဲ နိစ္စ၊ သုခ ပဝရသုခနဲ့ အမြဲရှိနေပါလျက် (၂) နိဗ္ဗာန်သို့ သွားလမ်း ဝိပဿနာ မဂ်လမ်းကြီးကလဲ ခန္ဓာမှာအမြဲတမ်း ပေါ်သိ-ပေါ်သိနဲ့ ပြပြပြီးနေပါလျက်နှင့် (၃)ထို ၂-ဌာနကိုညွှန်ပြနေကြသော မြတ်စွာဘုရားများ၊ အရိယာ သာဝကများလဲ ရှိနေကြပါလျက်နှင့်။ ယခုတွေ့မြင် ရှိနေကြသော လူ့နတ်ဗြဟ္မာတွေဟာ ယခုအထိပင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမရကြသေးတာဟာ အံ့ဩစရာပါဘဲ။ အဲဒါ ဂဏက မောဂ္ဂလာနသုတ်တော်မှာ ဤနည်းပြခဲ့သည်။

## (၆) ဓါတ်တရားနဲ့ ပဋိစ္စသမုပ္ပါဒ် သံသရာကြီးဖြတ်ပြစ်ရပုံ

[ဓါတုံခေါ်ဘိက္ခု၊ အနိစ္စတော၊ ဇာနတော ပဿတော ဘိက္ခုနော၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။] သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်မှ။ ။ချစ်သား ရဟန်း ဓါတ်တရား

ကို။ အနိစ္စသဘောနဲ့ ကိုယ်တွေ့သိလျှင် ဉာဏ်ဖြင့် မြင်လျှင်
ထိုရဟန်းမှာ ရှိနေသော အဝိဇ္ဇာသည်။ ပြာကျ၍သွား၏။
လောကုတ္တရာဝိဇ္ဇာ ၉-ပါးပေါ်၍လာ၏။ အဝိဇ္ဇာ ခေါင်း
ဆောင်ကြီး ချုပ်တော့ (သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာ
ယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ
မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ
ဒုက္ခက္ခန္ဓာ ၁၉-ပါးတို့ပါ ချုပ်ရသည်။ မူလနှစ်ပါး။
ဝဋ္ဋ၃-ပါး၊ အစပ်၃-ပါး၊ အလွှာလေးပါး၊ အချင်းအရာ-၂၀
အင်္ဂါ၁၂-ပါး မီးဘဆဲ့တပါးချုပ်ငြိမ်းသွားသည်။(တန္ဒွယ်
င်၊တစဉ်ပါ။) (အသီးတရာ အညှာတခု။) (တချက်ခုပ်
အားလုံးပြတ်။) ဖြစ်ကြရသည်။ (ပထဝီဓါတုသညာ၊ အတ္တော
နဝါ၊ အတ္တနိယေနာ ါ။) မဟာဝေဒလ္လနှင့် ပဋိသမ္ဘိဒါမဂ်
အဋ္ဌကထာမှ။ ။ပသဝိဓါတ်ကိုတွေ့လျှင် အတ္တဒိဋ္ဌိ (၂၅၆)
ပါးရော၊ အတ္တနိယတဏှာ (၁၁၈)ပါးရော ချုပ်ငြိမ်းကုန်
ခမ်းရသည်။ (အဝိဇ္ဇာနှင့်တဏှာမူလ)ချုပ်ငြိမ်းရသည်ဟု ဆို
လိုသည်၊ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး ပျက်သွားလျှင်(၃၁)
ဘုံလောကကြီးပါ။ ဓါတ်မီးလောင်၍ ချုပ်ငြိမ်းကင်းရှင်း
ပပျောက်ကုန်ခမ်းမြေ၍သွားတော့သည်။ သံသရာဖြတ်ပုံနှင့်
(ပြတ်စဲ)ပုံကိုပြပါသည်။

## (၁) စစ်တွေမြို့ အဘိဓမ္မာ သင်္ချာနည်း မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်ပုံ

မီး | မယ်တော်မာယာဝမ်းဌ | ပ | ဤပုံစံကို ကြည့် ပြီး
၀၀ | အလောင်းပဋိသန္ဓေနေ | ရ | ကြည်ညိုကြပါ။ မှိုခိုကြ
မြင် သွား ဆန် ချို လွတ် ကြွ ကျ | ပါ မယ်တော်မာယာ၏

ဝမ်းတိုက်၌ ကိန်းပိုက်စံနေတော် မူသောအခါ။ ငါတို့၏ ဘုရားအလောင်း၏ တန်ခိုးပါရမီစာဂီတော်ကြောင့် (၁) ငရဲဟူသမျှ၌ မီးတွေဟာ ငြိမ်းပြရတယ်။ ငါဘုရားဖြစ်လျှင် လူနတ်ဗြဟ္မာတွေကို ၁၅၀၀-ကိလေသာမီးငြိမ်းပေးမယ်တဲ့။ (၂) ရှင်းပြင် ပြိတ္တာတွေ အားလုံးဟာ ငတ်ပြတ် နေရာမှ စားကြရ၍ ဝဝကြီးဖြစ်ကြရတယ်။ ငါဘုရားဖြစ်လျှင် လူနတ် ဗြဟ္မာတွေကို မဂ်ဖိုလ်နိဗ္ဗာန်စားရ၍ ဝဝကြီးနေစေမယ်တဲ့။ (၃) ရှင်းပြင်၊ အမိဝမ်းထဲမှကျားလာခဲ့ကြသော။ ဇစ္စန္ဓတွေ ဟာ မြင်ကြရတယ်။ လူတွေလဲ နတ်,ဗြဟ္မာကိုပင် မြင်ကြရ တယ်။ ငါဘုရားဖြစ်လျှင် သစ္စာလေးပါးကို မြင်စေမယ်တဲ့။ (၄) ရှင်းပြင် ဖွါးတာကတဲက ခြေဆွံ့တဲ့လူတွေလဲ သွားနိုင် လာနိုင် ခုန်နိုင်ကြတယ်။ သင်တို့ကို ငါဘုရားဖြစ်တော့ မဂ် ဖိုလ်နိဗ္ဗာန်သို့ သွားရောက်စေမယ်တဲ့။ (၅) မြစ်ရေများဆန် တက်ကြရတယ်။ ငါဘုရားဖြစ်လျှင် သင်တို့ အားလုံးဟာ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ဆန်တက်စေမယ်တဲ့။ (၆) ရှင်းပြင်၊ သမုဒ္ဒရာရေတွေဟာ ငံ၍နေရာမှ သကြားကဲ့သို့ ချိုပြရတယ်

ငါဘုရားဖြစ်တော့၊ ဝဋ္ဋဒါနတွေ၊ ဝဋ္ဋသီလတွေ၊ ဝဋ္ဋသမထတွေဟာ ချိုမြိန်တဲ့ ဝိဝဋ္ဋဒါနတွေ၊ ဝိဝဋ္ဋသီလတွေ၊ ဝိဝဋ္ဋသမထတွေ ဖြစ်စေမယ်တဲ့။ (၇)ချိုင့်ထဲမှ လျောင်ချိုင့်ထဲမှ အချုပ်ထဲမှ သတ္တဝါတွေဟာ ကျွတ်ကြ၊ လွတ်ကြရတယ်။ ငါဘုရားဖြစ်လာတော့ ၃၁-ဘုံ ထောင်ကြီးထဲမှ သင်တို့ကို ကျွတ်လွတ်စေမယ်တဲ့။ (၈) သစ်ပင်ပေါင်းစုံမှ အပွင့်မျိုးတို့တွေဟာ ကြာပန်းတမျိုးထဲဖြစ်ကြရတယ်။ငါဘုရားဖြစ်လာတော့။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပိဋကတ်၊ နိကာယ်၊ အင်္ဂါ၊ဓမ္မက္ခန္ဓာ ရုပ်နာမ်တွေအားလုံးဟာ (လောကဓါတ်)မို့၊ လောကကြီးထဲမှာ(ဓါတ်တရား)တခုထဲ ဧကောဓမ္မောနဲ့ဟောခဲ့မယ်တဲ့။ (၉)ရင်းပြင်၊ ကောင်းကင်၌ပျံတက်နေကြသောငှက်တွေဟာ မြေသို့ကျလာကြရတယ်။ ငါဘုရားဖြစ်လျှင် လူ့နတ်ဗြဟ္မာ တွေအပေါ်၌ ပျံတက်နေကြသော (၁၇၀၀)ကိလေသာတွေကို၊အောက်သို့ကျစေမယ်တဲ့။(၁၀) ရင်းပြင်၊ ထိုအခိုက်၌ ဇာတိခေတ်မှာ စုတိခြင်းမရှိ (ရ)ရပ်နေရတယ်။ ငါဘုရားဖြစ်လျှင် (ပုထုဇဉ်ဘဝနှင့် မသေကြရဘူးတဲ့။)(၁၁)ထိုအခိုက်၌ ဇာတိခေတ်မှာ ပဋိသန္ဓေရပ်နေကြရတယ်။ငါဘုရားဖြစ်လျှင် ဇာတိမရှိရဘူးတဲ့။ (၃၂)ပါး အထိပြရမည်ဖြစ်ပေမဲ့။ယခုမှာ နမူနာမျှလောက်သာ ပြခဲ့ရပါတယ်။ ငါရေးတဲ့ နိဗ္ဗာန်ဝင်လမ်း ဓါတ်ကမ္မဋ္ဌာန်းကျမ်း (၁၀)တန်၌ ရှာ၍ကြည့်ကြပါလေ။

ငါတို့၏မြတ်စွာဘုရားသည်၊ အလောင်းတော် ဖွါးစဉ်ပင် ကရုဏာပြနေသည်။

## (၂) အလောင်းတော်ဖွါးစ တရားပြသပုံမှာ

| | | |
|---|---|---|
| ကပ္ပိလဝတ်ပြည်(၁) | လုမ္ဗိနီ | (၁)ဒေဝဒဟပြည် |
| | ၂ | |
| | ၃ | |
| | ၄ | |
| | ၇-၇-၇-၇ | |

ငါတို့၏ အလောင်းတော်ကို ဖွါးမြင်တုန်းက ခမည်းတော်၏ တိုင်းပြည်ဖြစ်သော ကပ္ပိလဝတ်၌လည်း မဖွါးပါ။ မယ်တော်၏တိုင်းပြည်ဖြစ်သောဒေဝဒဟပြည်၌လည်းမဖွါးပါ။ ၎င်းတို့၏ ၂-ဦးပိုင်ဖြစ်သော အလယ်ဗဟိုရ်က လုမ္ဗိနီဥယျာဉ်တော်၌ ဖွါးမြင်ပါသည်။ မဇ္ဈိမ ပဋိပဒါတည်း။ ၂-ဦးစပ်နယ်မို့ (၂) ဂဏန်းကို မှတ်ထားရမည်။ တဖန်၊ ဖွါးမြင်လာတော့ ဗြဟ္မာက ရွှေကွန်ယက်နှင့်ခံသည်။ ဗြဟ္မာလက်ထဲမှ နတ်ကသစ်နက်ရေနဲ့ခံသည်။၃-ကြိမ်ခံရတာဖြစ်၍ သုံးဂဏန်းကိုမှတ်သားရမည်။ တဖန်၊ အလောင်းတော်ဟာ အရှေ့အရပ်သို့ လှည့်၍ကြည့်တယ်။ တောင်အရပ်သို့လှည့်၍ ကြည့်တယ်။ အနောက်အရပ်သို့လှည့်၍ကြည့်တယ်။ မြောက်အရပ်သို့ လှည့်၍ကြည့်တယ်။ အရပ်ကြီး လေးမျက်နှာသို့

ငါ့သက် မြင့်မြတ်သောသူ ရှိသေးသနည်းဟု ကြည့်သော ကြောင့် ၄-ဂဏန်းကို မှတ်ထားရမည်။ တဖန်၊ ကြည့်ပြီးတော့ မိမိသက်မြင့်မြတ်သောသူကား မရှိ၊ မိမိသာမြင့်မြတ်သည်ဟု စိတ်ထားပြီး ၃-ခွန်းသောစကားဖြင့် ကြုံးဝါးမိန့်မြွက်တော်မူတယ်။ ထိုကြောင့် သုံးဂဏန်းကိုမှတ်ထားရမည် တဖန်၊ အရှေ့အရပ်သို့ ခုနှစ်ဖဝါးလှမ်း၍ ကြွသည်။ တောင်အရပ်သို့(၇)ဖဝါးလှမ်း၍ကြွသည်။ အနောက်အရပ်သို့ (၇) ဖဝါးလှမ်း၍ကြွသည်။ မြောက်အရပ်သို့ (၇)ဖဝါးလှမ်း၍ ကြွသည်။ ၄-ကြိမ်မျှ (၇) ဖဝါးစီ လှမ်း ကြွ သောကြောင့် (၇-၇-၇-၇)ဟု၊ လေးကြိမ်ရေးသားမှတ်သားရမည်။ အဲဒါ နိမိတ်ပြု၍ တရားပြသနေတာပါဘဲ။ တရားပြသပုံမှာတော့ [၂-၃-၄-၃-၇-၇-၇-၇]ဟု၊ တရားပြသပါသတည်း။(၂) အရမှာ ရုပ်နာမ် ၂-ပါး ပရမတ္ထတရားကို ရှုကြပါတဲ့။ တဖန်(၃)က ရှုလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ လက္ခဏာရေး သုံးပါးကိုရမယ်တဲ့။ တဖန်၊ ၄-မို့ သစ္စာလေးပါးကိုမြင်ကြမယ်တဲ့။ တဖန် ၃-မို့ ပရိညာသုံးပါးဆိုက်ကြမည်တဲ့။ တဖန် ၄-ကြိမ်၊ ၇-လှမ်း ကြွတာမို့ ပုထုဇဉ်မှ သောတာပန်သို့ ဝိသုဒ္ဓိ ၇-ပါးနှင့်(ဝါ)ဗောဇ္ဈင် ၇-ပါးနှင့် တက်ရောက်မယ်တဲ့။ ဒုတိယ(၇)ကား သောတာပန်မှ သကဒါဂါမ်သို့ ဝိသုဒ္ဓိ ၇-ပါး။ ဗောဇ္ဈင် ၇-ပါးနှင့် တက်ရောက်မယ်တဲ့။ တဖန် တတိယ(၇)ကားသကဒါဂါမ်မှ အနာဂါမ်သို့ ဝိသုဒ္ဓိ-၇ပါး ဗောဇ္ဈင် ၇-ပါးနှင့် တက်ရောက်မယ်တဲ့။ တဖန် စတုတ္ထ(၇)

ကား အနာဂါမ်မှ အရဟတ္တမဂ်ဖိုလ်သို့ ဝိသုဒ္ဓိ ၇-ပါး၊ ဗောဇ္ဈင် ၇-ပါးနှင့် တက်ရောက်မယ်တဲ့။ အဲဒါ ဘုရားအလောင်းတော်ဟာ ဖွါးစဉ် ပုဗ္ဗနိမိတ်နှင့် ဝိပဿနာတရားပြသသွားပုံပါဘဲ။

## (၃) ဒုတိယပုဗ္ဗနိမိတ်ကား ဘုရားလောင်း၏ ခန္ဓာကိုယ်၌ ကြည့်ကြပါ

ဘုရားလောင်း၏ခန္ဓာကိုယ်မှာ ၃၂-ပါး၊ ၈၀-ပါး၊ ၆-ပါး၊ ၈-ပါး၊ ၁၀၈-ပါးတို့က ပြသ၍နေပါတယ်။(၃၂)ပါးမှာ ပဿဝိဓါတ်က ၁၃-ပါး၊ အာပေါဓါတ်က ၂-ပါး၊ တေဇောဓါတ်က ၆-ပါး၊ ဝါယောဓါတ်က ၁၁-ပါးဖြစ်၍ ဓါတ်တရား (၃၂) ပါးပေါ်အောင် ပြမယ်တဲ့။ ၈၀-ကား သမသလေးဆယ်နှင့် ဘာဝနာလေးဆယ်မို့ ၈၀-နဲ့ပြမယ်။ ကဖန်၊ ငါ့ဘုရားကို ၈၀-သော မဟာသာဝကတွေက ခြံရံနေရမယ်တဲ့။၆-ပါးကား ဓါတ် ၆-ပါးပေါ်အောင်ပြမယ်။ အာရုံ၆-ပါးခမ်းခြောက်စေမယ်။ ဝါ၊နီဝရဏ ၆-ပါးချုပ်ငြိမ်းစေမယ်တဲ့။ ၈-ပါးကား မဂ္ဂင် ၈-ပါးကိုရစေမယ်။ ရပ်ဖြစ် ၈-ပါးနယ်က ကျွတ်လွတ်စေမယ်။ လောကဓမ်တရား ၈-ပါးကို သည်းခံနိုင်စေမယ်တဲ့။ ၁၀၈-ပါး ဓါတ်တရားကြောင့် ၁၀၈-ပါးသော တဏှာမှ ကင်းလွတ်ထွက်မြောက်စေမယ်တဲ့။ အဲဒါဒုတိယပြသပုံပါဘဲ။

## (၄) ဖွါး၍ ၇-ရက်စေ့ တော့ ဒေဝီလထိပ်၌ ရပ်ပြပုံ

အလောင်းတော်ကိုဖွါး၍ ၇-ရက်စေ့ ဒေဝီလရသေ့ဟာ နတ်ပြည်မှ ဘုရားအလောင်းဖွါးမြင်ကြောင်းကိုကြားခဲ့ရသဖြင့်။ သုဒ္ဓေါဒနမင်း၏ နန်းတော်သို့ လာခဲ့တယ်။ မင်းကြီးကမေးတော့ ဒေဝီလရသေ့က၊ သင်မင်းကြီးအိမ်၌ ဘုရားအလောင်းသားကောင်းရတနာကို ဖွါးတယ်လို့ နတ်တွေကပြောပြလို့ကြားခဲ့ရတယ်။ မြင်ချင်လို့ကြည့်ချင်လို့လာခဲ့ပါတယ်။ ပြသပါဟု ပြော၏။ သုဒ္ဓေါဒနမင်းကြီးကလဲ မိထွေးတော် ဂေါတမီ၏ လက်ထဲ၌ ရှိနေသော ဘုရားအလောင်းကို မြတဖက်နှင့်ပတ်၍ပွေ့ခဲ့တော့တယ်။ ရောက်လျှင် မင်းကြီးက သားတော်ကို ပွေ့လျက် ကဲသားတော် ငါတို့ကိုးကွယ်၍ထားသော ဆရာရသေ့ကြီးကို ရှိခိုးပါလော့ဟု ပြောပြီး ဘုရားလောင်း၏ လက် ၂-ဖက်ကိုပူး၍ ကတော့စေမည်ဟုပြုတယ်။တာပေမဲ့ ဘုရားအလောင်း၏ ခန္ဓာကိုယ်ဟာ ဒေဝီလရသေ့ကြီး၏ဥကျောင်းပေါ်၌ စုံရပ်၍နေတယ် ငါကရှိခိုးရမည့်ပုဂ္ဂိုလ်ကားမရှိတော့ပါ။ ငါ့ကိုသာ ၃၁-ဘုံသားတွေက ရှိခိုးရမည်ဟု ပြောသကဲ့သို့ ခေါင်းပေါ်၌ ခြေစုံရပ်၍ပြသပေသည်။(ပဌာဘာတ ပဒွယော ဖြင့်၊ဝိပဿနာအကျိုးဟာ ထင်တက်ကမိုးပြုံတည်း၊ ဒီတော့မှ ဒေဝီလရသေ့ကြီးက မိမိရထားသော အဘိညဉ်၆-ပါးနဲ့ကြည့်လိုက်တယ်။ ဩဘ် ဤဘုရားအလောင်းအလေးဟာ နောင်သော် ၃၅-

ကြုတော့ ကောန်ဘုရားဖြစ်မည်။ သူပါအဲ့တကားဟု သိ၍ (ရယ်သည်)သူဘုရားဖြစ်လျှင်ငါဟာဘုရားကို ဖူးရမှာလား မဖူးရမှာလားဟု။ ဉာဏ်ဖြင့် ကြည့်တော့ ဘုရားအလောင်းသည်၊ဘုရားမဖြစ်ရသေးမှီ ငါဟာသေ၍။အရူပဘုံ၌ ရပ်ဖြစ် ဂ-ပါးနယ်၌ဖြစ်ရမှာပါတကားဟု သိ၍(ငိုသည်) မင်းကြီးက(ရယ်တာရော၊ ငိုတာရော၊ ဘာကြောင့်လဲဟုမေးတော့) သူဘုရားဖြစ်မှာမို့ ငါကရယ်တယ်။ သူဟာဘုရားဖြစ်တော့ ငါ့အသက်ကမရှိဘဲ ဦစွာသေရမှာကို မြင်၍။ ဘုရားကိုမဖူးရလို့ ငါကငိုသည်ဟု ပြောပြတယ်။

(၅) [ဖွားမြင်၍ ၂-လပြည့်တော့ စတုတ္ထဈာန်ကိုရတယ်။]ဘုရားအလောင်းတော်ကို ကဆုံလပြည့် သောကြာနေ့၌ ဖွားမြင်တော်မူသည်။ဝါဆိုလပြည့်နေ့၌ (၂)လသားအချိန်မှာ၊ သုဒ္ဓေါဒနဘုရင်ဟာ လယ်ထွန်မင်္ဂလာပွဲ ဆင်နွှဲကျင်းပရသည်။ လယ်တောသို့ ဘုရားအလောင်းကို ယူခဲ့၍ လယ်၏အစပ်၌ဖြစ်သော သပြေပင်အောက်၌ တင်းတိမ်မိုး၍ တင်းတိမ်ကာရံစေ၍ အလောင်းတော်ကို အထိမ်းတွေများစွာနှင့်ထားသည်။ မြပုခက်၌အိပ်စေသည်၊ အထိမ်းတွေကား မင်းကြီးကိုယ်တိုင် လယ်ထွန်၍မင်္ဂလာပြုတာကို ကြည့်နေကြသည်။ဘုရားအလောင်းဟာ အထိမ်းတော်များ မေ့လျော့နေခိုက်၌ မြပုခက်ထဲမှာ တင်ပလ္လင်ခွေထိုင်၍ နှာသီးဖျား၌ ထွက်လေ၊ဝင်လေကို ရှု၍။အာနာပါနကမ္မဋ္ဌာန်းကို ရှု၍နေသည်။စတုတ္ထဈာန်အထိရ၍။အဘိညာဉ်ဝင်စားပြီး မြပုခက်

ပေါက ကောင်းကင်၌ ဈာန်ပျံ၍ နေလေသည်။ အထိမ်းတော်များက သတိရ၍ တင်းတိမ်ကိုမ၍ ကြည့်သောအခါ ကောင်းကင်၌ဈာန်ပျံ၍နေတာကိုမြင်သဖြင့် အံ့ဩကြလျက် ထူးဆန်းလေစွတကားဟု အံ့ဩကြ၍ ဘုရင့်ထံသို့ ပြေးပြီး သွား၍ပြောပြကြတယ်။ ဘုရင်လဲ အံ့ဩစွာနှင့် လယ်ထွန် မင်္ဂလာပွဲတာကို ခဏ ခေတ္တထား၍ သားဘုရားအလောင်း ထံသို့ လူအုပ်ကြီးချီ၍ ဖူးမျှော်ရန်လာကြသည်။ဈာန်ပျံတာ ကိုမင်းကြီးမြင်ရလျှင် ရှင်ပြလှသောဇောစိတ်ဖြင့် ချစ်သား ချစ်သားဟာ ဆရာဒေဝီလရသေ့ကြီး၏ ထိပ်ထက်၌ ခြေစုံ မတ်တတ်ရပ် နေကုန်းကလဲ ခမည်းတော်က သားတော်ကို ပဌမအကြိမ်ရှိခိုးခဲ့ပါသည်။ ယခုဒုတိယအကြိမ်ဈာန်ပျံတာ ကိုမြင်ရသဖြင့် ဒုတိယမ္ဘ ၂-ကြိမ်မြောက် ခမည်းတော်က သားတော်ကိုရှိခိုးပါသည်ဟုချီးကျူးပြီး ရိုရို သေသေ၊လေး လေးစားစားကြီး ရှိခိုးပြလေသည်။ အဲဒါလဲ အားလုံးကို ငါကဲ့သို့ကျင့်ကြလေဘှဟု ပုဗ္ဗနိမိတ်ပြ၍ တရားပြခဲ့ပါသည်။

## (၆) ဝိနည်းငါးကျမ်းဖြင့် သံသရာမှ ကျွတ်လွတ်စေပုံမှာ

| ပါပါ | မဟာဝါ | စူဠ၊ ပရိ |
|---|---|---|
| ၂ | ၅ | ၂ |
| | ၃ | |
| | ၂ | |

ဝိနည်းငါးကျမ်းဆိုတာ ပါရာဇိကဏ်။ ပါစိတ်။ မဟာဝါ။ စူဠဝါ။ ပရိဝါ ကျမ်းဟူ၍ ငါးကျမ်းရှိ၏။

မဟာဝါကျမ်းဟာ အလည်ဗဟိုရ်ဖြစ်၍ မဇ္ဈိမ ပဋိပဒါ အလယ်လမ်းဖြစ်ခဲ့၏၊(မ)ဟာ ကြာသပတေးနံပါဘဲ။ (၅) ဂဏန်းပါ။ ၎င်းကို (၂) ပုံပွားတော့ ၃-၂ ဟု ဖြစ်လာသည်။ အားလုံးမှာ(၅×၃×၂)ဟု ဝိပဿနာ ကျင့်စဉ်ဖြစ်လာသည် ဆိုလိုတဲ့ အဓိပ္ပါယ်ကား(၂) ရုပ်နာမ်ကျင့်မှ မဂ်ဖိုလ်ရမည်။ ခန္ဓာငါးပါးချုပ်မည်၊ (၃)လက္ခဏာရေး သုံးပါးရတော့ နိဗ္ဗာန်ရမည်။ ပါပါက(၂)ရယ်၊ အလယ်က(၅)ရယ်။ စုဠ ပရိက(၂)ရယ်၊ ပေါင်းတော့ ကိုးပါးမို့။ လောကုတ္တရာ ကိုးပါးရမည်၊၎င်းအထဲက နိဗ္ဗာန်ရမည်။ဝါ၊မဂ္ဂင်ပါ ထိုင်က နိဗ္ဗာန်ရမည်။ အဲဒါပိုနည်းသဲမှ အဘိဓမ္မာ သချာနည်းနှင့်၊ ဝိပဿနာအကျင့်ဖြင့် နိဗ္ဗာန်ရစေပုံပြသည်၊

## (၇) သုတ်သုံးကျမ်းဖြင့် သံသရာမှ ကျွတ်လွတ်စေပုံမှာ

| | | |
|---|---|---|
| | ၁၁ | |
| (သီ) | (မ) | (ပါ) |
| ၆ | ၅ | ၅ |
| | ၃ | |
| | ၂ | |

ဤပုံစံကား သုတ်သီလက္ခန် ကျမ်း။ သုတ်မဟာဝဂ္ဂါကျမ်း။ သုတ် ပါထေယျကျမ်း ဟူ၍။ သုံးကျမ်း ဖြစ်သည်။ အလယ်ဗဟိုရ် မဇ္ဈိမ ပဋိပဒါကား(မ)ဘည်း။ ကြာသ ပတေးနံ ၅-ဂဏန်းပါဘဲ။ ၎င်းကို ၂-ပုံပုံတော့(၃-၂)ဖြစ် လာတယ်၊ စုံပြတော့(၅×၃×၂)ဟု၊ ဝိပဿနာကျင့်စဉ်လာ သည်။(၂)ရုပ်နာမ်ကို ရှုပွါးလျှင် ခန္ဓာ၅-ပါးချုပ်တဲ့ နိဗ္ဗာန်

ရမည်။(၃)လက္ခဏာရေးသုံးပါး ရှုလျှင် သိ ၆-နဲ့ ပါ ၅-ကို ပေါင်းတော့ (၁၁)ဖြစ်၍ မီးတဆဲ့တပါး ငြိမ်းတဲ့နိဗ္ဗာန်ကိုရမည်တဲ့။အဲဒါမှာ သုတ္တန်ထဲမှ အဘိဓမ္မာသင်္ချာနည်းနှင့် ဝိပဿနာကျင့်၍ နိဗ္ဗာန်ရကြပုံကိုပြပါသည်။

## (ဂ) အဘိဓမ္မာ ၇-ကျမ်းဖြင့် သံသရာမှ ကျွတ်လွတ်ပုံမှာ

| | | |
|---|---|---|
| | ၁၁ | |
| (ဓံဝိဓါ) | (ပု) | (ကယပ) |
| ၃ | ၅ | ၃ |
| | ၃ | |
| | ၂ | |

ဤပုံစံကား အဘိဓမ္မာ ၇-ကျမ်း၏ ပုံစံ ဖြစ်ပါသည်။ (၇)ကျမ်းဆိုတာ၊ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓါတုကထာ ပုဂ္ဂလပညတ်၊ ကထာ ဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းပါတဲ့။ ၎င်း ဂ-ကျမ်းထဲက မဇ္ဈိမပဋိပဒါ အလယ်လမ်းကား (ပု) ပင်တည်း။ ဝါ၊ ပုဂ္ဂလပညတ် ကျမ်းပါတဲ့။ (ပု)ကား ကြာသပတေးနံ၊ ၅-ဂဏန်း၊ ၅-ကို ၂-ပုံပုံတော့ ၃-၂ဟု စဉ်လာသည်။ အစုစုပြတော့ (၅-၃-၂)ဟု၊ ဝိပဿနာ ကျင့်စဉ် ပေါ်လာသည်။ (၂)ရုပ်နာမ်ကို ရှုလျှင် (၅)ဆိုတဲ့ ခန္ဓာ ၅-ပါး မရှိတဲ့ နိဗ္ဗာန်ကို ရမည်တဲ့။ ပုံစံကို ပြန်ကြည့်တော့ (ဓံ၊ ဝိ၊ ဓါ၌ ၃-ဂဏန်း ပု(၅)ဂဏန်း) (က-ယ-ပ) ၃-ဂဏန်း ၎င်းဂဏန်း ၃-၅-၃ ကို ပေါင်းသော် (ပု)၏ အထက်၌ (၁၁)ဖြစ်လာသည်။ အောက်တန်းကျင့်စဉ်က (၃) ဆိုတဲ့

လက္ခဏာရေးသုံးပါးကို ကျင့်ကြံလျှင် ပု၏အထက်က(၁၁) ဆိုတဲ့ မီးဘဲအဲ့ တပါး ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကိုရမည်တဲ့။ တဖန် (ပု)၅-၃-၂ ကို ဝေဘန်သော် (ပု) ပုဂ္ဂိုလ်ဘဲ၊ သုံးဘဲ၊ငါးဘဲ၊အစရှိသဖြင့်။ သက္ကာယဒိဋ္ဌိကပ်၍ နေရတာဟာ (ပု)အရဖြစ်သော(၅)ဆိုတဲ့။ခန္ဓာငါးပါးတရားကိုမတွေ့လို့ပါတဲ့။ တဖန်(၅)ဆိုတဲ့ ခန္ဓာ၅-ပါးတရားကို မတွေ့ရခြင်းဟာလဲ (၃)ဆိုတဲ့ လက္ခဏာရေးသုံးပါးတရားကို မတွေ့ရသေးလို့ပါတဲ့။ တဖန် (၃)ဆိုတဲ့ လက္ခဏာရေး ၃-ပါးကို မတွေ့ရခြင်းဟာလဲ(၂)ဆိုတဲ့။ ရုပ်နာမ် ၂-ပါးကိုမတွေ့ရလို့ပါဘဲတဲ့။တဖန်၊၂-ရုပ်နာမ်ကိုတွေ့လျှင်ပုဂ္ဂိုလ်မှားကွာရော။ တဖန်(၃)လက္ခဏာရေး၃-ပါးတွေ့လျှင်ပုဂ္ဂိုလ်မှားကွာရော တဖန်၊ ၅-ခန္ဓာ ငါးပါးတွေ့လျှင် ပုဂ္ဂိုလ်မှား ကွာရော၊ ၁-မျိုးနဲ့ ပုဂ္ဂိုလ်မှားကွာရသည်။

## (၉) သံသရာသုံးထပ်မှ ကျွတ်လွတ်ကြရပုံမှာ




ဤပုံစံ၌ အတွင်းထပ်၌ရှိနေသော အနုသယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မူလ၂-ပါး ရှိနေလို့။ ဒုတိယအထပ်က အကုသိုလ် သမ္ပယုတ် ၂၇-ပါး။ ပရိယုဋ္ဌာန ကိလေသာ ထ ကြွ သောင်းကျန်း၍ နေတော့သည်။ ၎င်း ၂-မျိုး၊ မထ-မကြွရ အောင်ဟာ တတိယ အထပ်က ကုသိုလ် ၃၈-ပါးကို ပြုပြင်တားရသည်။

ရှင်း ၃၈-ပါးသော ဒါနကုသိုလ် ၃၈-ပါး။ သီလကုသိုလ် ၃၈-ပါး။ သမထကုသိုလ် ၃၈-ပါးတို့ဟာ ၉-ဆိုတဲ့ လောကုတ္တရာကိုးပါးနဲ့လဲ နီးကပ်၍နေသည်။ ရှင်းပြင် (၁၁)မီးတဆဲ့တပါးဘို့ ချုပ်ငြိမ်းရာဖြစ်သော ပရိနိဗ္ဗာန်နဲ့နီးကပ်၍နေသည်။၃၈-ပါးကုသိုလ်ဟာ(၉)နိဗ္ဗာန်။ (၁၁)ပရိနိဗ္ဗာန်နဲ့နီးကပ်၍နေပေမဲ့ ယခုအထိပင်မရကြသေးပါ။ ၃၈-ပါးက(၉)ကိုရဘို့။ (၁၁)ကိုရဘို့အတွက် မဇ္ဈိမပဋိပဒါနဲ့ ခွဲခြားလိုက်တော့(၃-၈)ဟုကွဲသွားသည်။ (၃-၈)ကိုပေါင်းတော့ မီး ၁၁-ပါး ချုပ်ငြိမ်းရာဖြစ်သော ပရိနိဗ္ဗာန်ဟု ပေါ်လာသည်၊ ရှင်းအောက်က(၂၇)ကို မဇ္ဈိမပဋိပဒါနဲ့ ခွဲခြားလိုက်တော့(၂-၇)ဟု ကွဲသွားသည်၊ (၂-၇)ကို ပေါင်းတော့(၉)ဟု လောကုတ္တရာကိုးပါးပေါ်လာသည်။ မဇ္ဈိမပဋိပဒါနဲ့ခွဲလိုက်ရာ(၃-၈)ဟူ၍ရှင်း၊(၂-၇)ဟူ၍ရှင်း။ တဖန်၊အရေအတွက်သင်္ချာနည်းအရ။စဉ်တော့က(၂-၃-၇-၈-၉-၁၁)ဟု၊ ဝိပဿနာကျင့်စဉ် ဖြစ်လာသည်။ ကျင့်ရပုံမှာ (၂)ရုပ်နာမ်ကိုရှုပါ။ (၃) လက္ခဏာရေး ၃-ပါးရမည်။ တဖန် (၃)လက္ခဏာရေး ၃-ပါးကျင့်လျှင် ၇-ဆိုတဲ့ ဝိသုဒ္ဓိ ၇-ပါးရမည်။ရလျှင်(၈)ဆိုတဲ့ မဂ္ဂင် ၈-ပါးရမည်။ ရလျှင်(၉)ဆိုတဲ့ လောကုတ္တရာ ၉-ပါးမည်။ရလျှင်(၁၁)ဆိုတဲ့ မီးတဆဲ့တပါးတို့၏ ချုပ်ရာ ငြိမ်းရာဖြစ်သော ပရိနိဗ္ဗာန်အထိတက်ရောက်၍ ကျွတ်လွတ်မည်ဟူလို။

# (၁၀) ၃၁-ဘုံမှ ကျွတ်လွတ် ထွက်မြောက် ကြရပုံမှာ

| (၁) | (၁၆) | (၃၁) |
|---|---|---|
| | ၇ | ၄ |
| | ၄ | |
| | ၃ | |
| | ၂ | |
| | ၁ | |

(၃၁) ဘုံမှာ (၁)ဘုံက စ၍ (၃၁)ဘုံအထိ ရေးပြရန် ဖြစ်သည်။ အလယ်ဗဟိုရ်က (၁၆)ဟာ မဇ္ဈိမပဋိပဒါ ထွက်လမ်းပါဘဲ။ ထိပ်ဆုံးကစ၍ ပြရလျှင် (၃၁)ဘုံမှ (၃နှဲ့၁)ကို ပေါင်းလျှင်။လေးဖြစ်၏။ အဲဒါ **သစ္စာ**လေးပါးပါဘဲ။ သစ္စာလေးပါးကို လူနတ်ဗြဟ္မာတွေဟာ မတွေ့ကြ၊မကြည့်ကြ၊မရှုကြလို့(၃၁)ဘုံမှ မလွတ်ကြ၊ မထွက်မြောက်ဘဲ နေကြရသည်။ ၎င်းလူ နတ် ဗြဟ္မာတွေဟာ သစ္စာလေးပါးကို တွေ့လျှင် လျှင်(၃၁)ဘုံထဲမှ ထွက်မြောက်မည်ဖြစ်၏။ ဘာပြုလို့ လူနတ်,ဗြဟ္မာတွေဟာ သစ္စာလေးပါးကိုမမြင်ကြရ၊ မတွေ့ကြသလဲဆိုတော့ မဇ္ဈိမပဋိပဒါနယ်ထဲက (၁၆)ကို ကြည့်ပါ။ (၁)စိတ်ကို (၆)နီဝရဏ ၆-ပါးက ကွယ်ထား ငှက်ထား ပိတ်ထား ကာဆီး၍ထားလို့ပါ။ (၁)စိတ်ကို(၆)က မကွယ်နိုင်အောင်ဟာ (၁ နှဲ့ ၆-ပူးသတ်မှရမည်။)ဥပမာ ရာဇဂြိုဟ်နှဲ့ ဝေသာလီတို့ရန်ဖြစ်ကြတော့ ရာဇဂြိုဟ်ထဲက(ဝဿကာရ) ပုဏ္ဏားအမတ်ကြီးကို ဝေသာလီအမတ်ထဲထည့်၍ ပူးသတ်သဖြင့် ရာဇဂြိုဟ်ကအနိုင်ရသည်။ ဤဥပမာလိုပင် ယခုဝိပဿနာ

အရာဌ္ဌလဲ တစ်နှဲ့ခြောက်ကို ပူးသတ်မှဖြစ်မည်။ပူးသတ်လျှင် တစ်နှဲ့ခြောက်ပေါင်း(၇)ဖြစ်ရော၊ခုနှစ်ကို နှစ်ပုံပုံတော့ကာ လေးနှဲ့သုံး ဖြစ်ရော။ ၃-ကို နှစ်ပုံပုံတော့ ၂-နှဲ့-၁ ဖြစ်ရော။ အစုစုမှာ ၇-၄-၃-၂-၁ ဟု၊ ငါးပဿနာကျင့်စဉ် တက်စဉ် ဖြစ်လာ၏။ဓါတ်တခုကိုမူတည်၍ ရှုလျှင်(၂)ရုပ်နာမ်ရမည်။ ၎င်းရုပ်နာမ်ကို ရှုသော် သုံးလက္ခဏာရေး ၃-ပါး ဖြစ်လာမည်။ ၃-လက္ခဏာရေး ၃-ပါးကိုရှုသော် ၄-သစ္စာလေးပါး ဖြစ်လာမည်။ လေးသစ္စာလေးပါးကိုရှုသော် ၇-ဝိသုဒ္ဓိ၇-ပါးရော၊ ဗောဇ္ဈင် ၇-ပါးရောရလာမည်။ ရလျှင် (၁) ကို (၆)က မကူယ်နိုင်၍(မဂ်၏သစ္စာလေးပါးဟာ သိပယ်ဆိုက် ပွါး ကိစ္စလေးပါးနှင့်ရလာမည်။ သစ္စာလေးပါးကို ရသော် ၃၁-ဘုံမှ ထွက်မြောက်မည်။၃၁-ဘုံမှ အဘိဓမ္မာသချိုနည်းနှင့်ကျွတ်လွတ်ထွက်မြောက်ပုံပြထားပါသည်။

## (၁၁) လူပျိုဂဏန်း အပျိုဂဏန်းစဉ်အတိုင်း ကျွတ်လွတ်ထွက်မြောက်ပုံမှာ

(က) [၁-၂-၃-၄-၅-၆-၇-၈-၉] ၎င်းတို့ဟာ ဘယ်ဂဏန်းနှဲ့မှ မရောရသေးသောကြောင့် သုဒ္ဓိကဂဏန်းတွေပါဘဲဝါ၊လုလင်ပျိုဂဏန်း လုလင်ပျိုမဂဏန်းတွေပါဘဲ။အပျိုကို လူပျိုကကြိုက်သည်၊x လူပျိုကိုအပျိုကကြိုက်သည်။ ဤပမာလိုပင် သုဒ္ဓိကဂဏန်း ငါးပဿနာကို မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ၉-ပါးက ကြိုက်နှစ်သက်သည်။သို့ကြောင့် ငါးပဿနာကျင့်လျှင် မဂ်၊ဖိုလ်၊နိဗ္ဗာန်၊

ရကြသည်။ အစဉ်အတိုင်း ကျင့်၍ရပုံကား (၁) ဓါတ်ကိုရှုတော့(၂)ရုပ်နာမ် ၂-ပါးကိုရမည်။ ၂-ရုပ်နာမ်ကို ရှုတော့(၃)လက္ခဏါရေး၃-ပါးရမည်။(၃)လက္ခဏါရေး၃-ပါးကိုရှုတော့(၄)သစ္စာ လေးပါးကိုရမည်။(၄)သစ္စာလေးပါးကိုရှုတော့ (၅)ခန္ဓာငါးပါးကိုရမည်။ (၅)ခန္ဓာ ငါးပါးကိုရှုတော့(၆)ဓါတ်ခြောက်ပါးကိုရမည်။(၆) ဓါတ် ၆-ပါးကိုရှုတော့(၇)ဝိသုဒ္ဓိ ၇-ပါးကိုရမည်။ (၇) ဝိသုဒ္ဓိ ၇-ပါးကိုရှုတော့။ (၈)မဂ္ဂင် ၈-ပါးကိုရမည်။ (၈)မဂ္ဂင် ၈-ပါးကိုရှုတော့(၉)လောကုတ္တရာကိုးပါးကိုရမည်။ (အဲဒါဝိပဿနာကျင့်လို့ရစဉ် တက်စဉ်ပါဘဲ။

(ခ) တစ်နဲ့ နှစ်ပေါင်း သုံးဖြစ်၏။ သုံးနဲ့ သုံးပေါင်း ၆-ဖြစ်၏။ ၆-နဲ့-၄ ပေါင်း(၁၀)ဖြစ်၏။ ၁၀-နဲ့-၅ ပေါင်း(၁၅)ဖြစ်၏။၁၅-နဲ့-၆ ပေါင်း(၂၁)ဖြစ်။ ၂၁-နဲ့-၇ ပေါင်း(၂၈)ဖြစ်၏၊၂၈-နဲ့-၈ ပေါင်း(၃၆)ဖြစ်၏။၃၆-နဲ့-၉ပေါင်း(၄၅)ဖြစ်၏။ အဓိပ္ပါယ်မှာ မြတ်စွာဘုရားဟာ ၄၅-ဝါ၌အစဉ်နဲ့ချတ်သည်။ (ဂ) (၄-၅)ဟု မဒ္ဓျမပဋိပဒါနဲ့ခွဲတော့(၄)(၅)ဟုဖြစ်၍ ဝိပဿနာ သစ္စာလေးပါးကိုရလျှင် အပါယ်ခန္ဓာငါးပါး ချုပ်ငြိမ်း ကုန်ခမ်းမည်တဲ့။ (ဃ) (၄-၅)ဟု ခွဲပြန်လျှင် မဂ်သစ္စာလေးပါးကိုရသော်(၃၁)၌ ခန္ဓာငါးပါး ကုန်ခမ်းချုပ်ငြိမ်းမည်တဲ့။ (င) (၄+၅ ၉) ၄-နဲ့-၅ ပေါင်း ၉-ဖြစ်၍ သစ္စာလေးပါးရ။ ခန္ဓာငါးပါး

ပြုဘ် လောကုတ္တရာကိုးပါးကိုရမည်။မဂ်လေးပါးရော။ ဖိုလ်လေးပါးရော နိဗ္ဗာန်ကိုရမည်တဲ့။

## (၁၂) တတွဲစီ,တတွဲစီနှင့် ကျွတ်လွတ် ထွက်မြောက်ကြပုံမှာ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ |

ဤပုံစံ၌ (က) တစ်ကိုတစ်နဲ့သတ်ရမည်။ နှစ်ကိုနှစ်နဲ့သတ်ရမည်။ သုံးကို သုံးနဲ့သတ်ရမည်။ လေးကိုလေးနဲ့သတ်ရမည်။ ငါးကို ငါးနဲ့သတ်ရမယ်။ခြောက်ကို ခြောက်နဲ့သတ်ရမည်။ခုနစ်ကို ခုနစ်နဲ့သတ်ရမည်။ ရှစ်ကို ရှစ်နဲ့သတ်ရမည်။ ကိုးကို ကိုးနဲ့သတ်ရမည်။ တဆယ်ကို တဆယ်နဲ့သတ်ရမည်။ (သာဓကမှာ [ဓါတ်တူနံ့တူဆေးဘက်ယူ၊ နံ့တူသတ်က အသေရ။] ပါတဲ့။

(ခ) သတ်ကြရပုံမှာ ဓါတ်တခုနဲ့ ဒိဋ္ဌိတလုံးကို သတ်နိဗ္ဗာန်ရရော။X ရုပ်နာမ်နှစ်ပါးနဲ့ အဝိဇ္ဇာတဏှာကို သတ်သေရော။X လက္ခဏာရေးသုံးပါးနဲ့ မီးသုံးပါးကိုသတ် သေရော။ (မီး သုံးပါးဆိုတာ လောဘမီး၊ဒေါသမီး၊မောဟမီး ပါတဲ့။) ဓါတ်လေးပါးနဲ့ အပါယ်လေးပါးကို သတ်ရမည်။ သေရ၏။X ခန္ဓာငါးပါးနဲ့ အဝိဇ္ဇာတဏှာမာနဒိဋ္ဌိဝိစိငါးပါးကိုသတ်ပါသေရ၏။X ဓါတ်ခြောက်ပါးနဲ့အာရုံခြောက်ပါးကိုသတ်ပါ။ ဝါ၊နီဝရဏခြောက်ပါးကိုသတ်ပါ သေရ၏။X ဝိသုဒ္ဓိခုနစ်ပါးနဲ့၊ တနည်း၊ ဗောဇ္ဈင် ခုနစ်ပါးနဲ့။သတ္တဝိညာ

ဏဌ္ဌိတိကိုသတ်ပါ သေရ၏။ x မဂ္ဂင် ၈-ပါးနှင့် ရပ်ပြစ် ၈-ပါးကိုသတ်ပါ။ သေရ၏။ x လောကုတ္တရာ ကိုးပါးနှဲ့ သတ္တဝါသဘုံကိုးဝကိုသတ်ပါ။ တနည်း(ဘဝ ကြီး ကိုးပါး ကိုသတ်ပါ။သေရ၏။ဝိပဿနာဉာဏ်စဉ်ဆယ်ပါးနှဲ့။တနည်း၊ ပါရမီဆယ်ပါးနှဲ့။တနည်း၊ပုညကြိယာ ဆယ်ပါးနှင့်။ကိလေသာ ဆယ်ပါးကို။ တနည်း၊ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်ကြီး ၁၀-ပါးကိုသတ်ပါ။ သေရ၏။ အဲဒါ ထွက်မြောက်ပုံ တခုစီပါဘဲ။

## (၁၃) ပဋိလောမ အနုလောမ စစ်ဆေးနည်းမှာ

[၈-၂-၃-၄-၇-၃၇-၁၆-၄-၄-နိ] နိဗ္ဗာန်ကို ၃၁-ဘုံသားတိုင်း အလွန်အလွန်ပင် အလိုရှိကြတယ်။ နိဗ္ဗာန်ကို ဘာနဲ့ရမှာလဲဟုမေးတော့ နိဗ္ဗာန်က (၄) ဖိုလ်လေးပါးကို ရထားမှ နိဗ္ဗာန်ကိုရမယ်တဲ့။ x ကိုဖိုလ် ခင်ဗျားကိုကော ဘာနဲ့မှ ရမှာလဲဟုမေးတော့ (၄)မဂ်လေးပါးကို ရရှိထားပါမှ ဖိုလ်လေးပါးကိုရမယ်တဲ့။ x မဂ်ကိုကော ဘာနဲ့မှရမှာလဲဟု မေးတော့(၁၆)ဉာဏ်စဉ် ၁၆-ပါးကို ရရှိ၍ထားပါမှ ရမယ်တဲ့။ x ဉာဏ်စဉ် ၁၆-ပါးကိုကော ဘာနဲ့မှရမှာလဲဟု မေးတော့(၃၇)ဗောဓိပက္ခိယတရား ၃၇-ပါးကို ရရှိထားပါမှ ရမယ်တဲ့။ x ဗောဓိပက္ခိယတရား ၃၇-ပါးကိုကော ဘာနဲ့မှ ရမှာလဲဟုမေးတော့ (၇)ဝိသုဒ္ဓိ၇-ပါးကိုရရှိ၍ထားမှရမယ်

တဲ့။X ဝိသုဒ္ဓိ ၇-ပါးကိုကော ဘာနဲ့မှရမှာလဲဟု မေးတော့ (၄) သစ္စာလေးပါးကို ရရှိ၍ထားပါမှရမယ်တဲ့။X သစ္စာလေးပါးကိုကော ဘာနဲ့မှရမှာလဲဟုမေးတော့။ (၃) လက္ခဏာရေးသုံးပါးကို ရရှိထားပါမှရမယ်တဲ့။X လက္ခဏာရေး ၃-ပါးကိုကော ဘာနဲ့မှရမှာလဲဟုမေးတော့ (၂) ရုပ်နာမ်နှစ်ပါးကို ရရှိ၍ထားပါမှ ရမယ်တဲ့။X ရုပ်နာမ်နှစ်ပါးကိုကောဘာနဲ့မှရမှာလဲဟုမေးတော့ဓါတ်တရားကိုရှုမှရမယ်တဲ့ (သာဓကမှာ) သာဝကာဟို စတုန္န ဓါတူနံ၊ ကေဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံပါပုဏာတိ။ဟူသော မူလပဏ္ဏာသအဋ္ဌကထာ နံပါတ်-၅၄၊ကြောင်းရေ-၂၆ ဆဋ္ဌမူမှ။တနည်း (သုညမိဒ အတ္တေနဝါအတ္တနိယေနဝါ) မူလပဏ္ဏာသ ပါဠိတော်မဟာဝေဒလ္လသုတ်ဟုမှုမှယူပြသည်။ အဲဒါကား ပဋိလောမနည်းဖြစ်စီစစ်၍ပြပုံပါဘဲ။ ။အနုလောမ နည်းမှာတော့ ဓါတ်တရားကိုရှုလျှင်ရုပ်နာမ်၂-ပါးကိုရမည်။ရုပ်နာမ်၂ပါးကိုရှုလျှင်လက္ခဏာရေး၃-ပါးကိုရမည်။လက္ခဏာရေး၃-ပါးကိုရှုလျှင် သစ္စာလေးပါးကိုရမည်။ သစ္စာလေးပါးကိုရှုလျှင် ဝိသုဒ္ဓိ ၇-ပါးကိုရမည်။ ဝိသုဒ္ဓိ ၇-ပါးရလျှင် ဗောဓိပက္ခိယတရား ၃၇-ပါးကိုရမည်။ ဗောဓိပက္ခိယတရား ၃၇-ပါးကိုရလျှင် ဉာဏ်စဉ် ၁၆-ပါးကိုရမည်။ ဉာဏ်စဉ် ၁၆-ပါးကိုရလျှင် မဂ်လေးပါးကိုရမည်။မဂ်လေးပါးကိုရလျှင် ဖိုလ်လေးပါးကိုရမည်။ ဖိုလ်လေးပါးကိုရလျှင် နိဗ္ဗာန်ကိုရမည်။ဤသို့တက်စဉ်ကျင့်စဉ်ရှိပါသည်။

(၁၃) လူတဦးထံမှာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ လေးဖက် လေးတန်ရှိတော့ ပို့ထားပုံမှာ—။

(၁) ဒါနက လူ့ပြည်သို့ပို့၍ ၁၀–ဌာနထဲက ကောင်းတဲ့ဘဝတခုခုနဲ့ထားပြီး သူဌေးဖြစ်စေမည်။ အနှစ်တရာထားမည်၊ဒုတိယဘဝ၌ သီလကနတ်ဘုံသို့ပို့၍ ၃၅–ဌာန၊၆၇–ဌာန ၁၀၅–ဌာန၊ ၁၀၀၀–ကျော်ဌာန၊ ၁၉–ဌာန၊ ၁၄–ဌာန၊ ၉–ဌာန၌ လှလှ ပပနဲ့နှစ်ပေါင်း ၉၂၁–ကုဋေ ၆–သန်းထားဦးမည်။တတိယဘဝ၌သမထက ဗြဟ္မာ့ဘုံသို့ပို့၍ ၃၅၊ ၆၇၊၁၀၅၊ ၁၀၀၀၊ ၁၉ ၁၄၊ ၉–ဌာနတို့၌ တကုဋေစီနှင့် ကမ္ဘာပေါင်း (၁၄၀၀၀)ထားနိုင်သည်။ ဝိပဿနာက လူ့ဘဝမှာ၊ နတ်ဘဝမှာ၊ဗြဟ္မာဘဝမှာ၊ အရိယာ လောကုတ္တရာတရား ကိုးပါးနဲ့ ၃၅၊ ၆၇၊၁၀၅၊ ၁၀၀၀၊ ၁၉၊ ၁၄၊ ၉–ဌာနအသင်္ခေျစီနဲ့ တသံသရာလုံး နိဗ္ဗာန်အထိထားမည်။

(၁၅) တနည်း၊ ဒါ,သီ,ထ,ဝိက စုပြုံပြီး ကျေးဇူးပြုပုံမှာ။ ။ဒါနဌေးစေ၊ ကြွယ်ဝစေ၏။ သီလကလှပချောမောစေ၏။သမထက အခြံအရံများစေ၏။ ဝိပဿနာက မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ကိုရစေမည်။ တဘဝထဲနှင့် စုပြုံရကြပုံ။

## (၁၆) လူ့,နတ်,ဗြဟ္မာ,အရိယာ ထိတ်တန်းခြင်း စာနာကြည့်ကြပါဦး

(က) လူမှာ ထိတ်တန်းကား စကြာမင်းနှင့် စကြာဝတေးကတော်ပါဘဲ။ ၎င်းတို့မှ နတ်နဲ့ စာနာသော်၊ နှမ်းတလုံးမျှစည်းစိမ်ရကြ၏။ (ခ)နတ်မှာ ဝသဝတ္တီကား ထိတ်တန်းပါဘဲ။ ၎င်းနတ်မှာ နှမ်းတွေကိုစုပုံပြီး မြင့်မိုရ်တောင်ကြီးလောက်ပုံပါ။ ၎င်းမြင့်မိုရ်တောဝ် ပေါင်း (၁၀၂၄) တောင်လောက် စည်းစိမ်ရကြမည်။ (ဂ)ဗြဟ္မာမှာ နေဝသညာဟာ ထိတ်တန်းပါဘဲ။၎င်းဗြဟ္မာမှာနှမ်း မြင့်မိုရ်တောင်ကြီးပေါင်း တကုဋ္ဋေပါ။ (၁၀၀၀၀၀၀၀) ပါဘဲ။ (ဃ) အရိယာမှာ ၎င်းဗြဟ္မာတွေထက် ပိုမိုသာလွန်၍ နှမ်းမြင့်မိုရ်တောင်ပေါင်း အသင်္ချေပါ။အသင်္ချေဆိုတာ တစ်တလုံးနှင့် သုည ၁၄၀-ကိုဆိုပါတယ်။(က)လူနှမ်းတလုံး။ (ခ)နတ်က နှမ်းမြင့်မိုရ်တောင် (၁၀၂၄) (ဂ) ဗြဟ္မာက နှမ်း မြင့်မိုရ်တောဝ်ပေါင်း တကုဋ္ဋေ။ (ဃ) အရိယာက နှမ်း မြင့်မိုရ်တောင်အသင်္ချေပါ။ သို့ကြောင့် လူ့, နတ်, ဗြဟ္မာ, အရိယာတို့ကွာပုံကို ဒါန၊ သီလ၊ သမထ၊ ဝိပဿနာနဲ့ပြရသည်။

(၁၇) [ပထဗျာကေရဇ္ဇေန၊သဂ္ဂဿ၊ ဂမနေနဝါ၊ သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။] ဓမ္မပဒပါဠိတော်မှ။ ။ပထဗျာ၊ မြေတပြင်လုံးကို။ ကေရဇ္ဇေန၊စကြာမင်းကြီးဖြစ်ရသောထက်၎င်း။သဂ္ဂဿ၊ဂမနေနဝါ၊နတ်ပြည်

သွားပြီး နတ်မင်းကြီးဖြစ်ရသောထက်ငင်း။သဗ္ဗလောကာဓိပစ္စေနဝါ၊ ၃၁–ဘုံ၌ မဟာဗြဟ္မာမင်းကြီး ဖြစ်ရသောထက်ငင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကိုရရှိခြင်းက။ ဝရံ၊ မြင့်မြတ်လှပါပေ၏။ စကြာမင်းနှင့် ဒါန နတ်မင်းနှင့် သီလ ဗြဟ္မာမင်းနှင့်၊ သမထအရိယာနှင့် ဝိပဿနာယှဉ်ပြပုံ။

(၁၈) နဝနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်လာ ဝေလာမသုတ်၌ ဒါ,သီ,ထ ပြပုံကား။

ဒါန–၁၄၊ သီလ–၂၊ သမထ–၁ ဝိပဿနာ၌ သညာ၊ ပညာ ၂–ပါး၊ပေါင်း ၁၉–ပါးပြသည်။ဆိုလိုတဲ့သဘောမှာ ဒါန ၁၄–ပါးထက်၊ သီလ ၂–ပါးက မြင့်မြတ်တယ်။ ငင်း ဒါ, သီ ၁၆–ပါးထက် သမထ ၁–ပါးက မြင့်မြတ်တယ်။ ငင်း ဒါ,သီ,ထ ၁၇–ပါးထက်။ ဝိပဿနာ ၂–ပါးကမြင့်မြတ်တယ်။

(၁၉) ဒါနကြယ်မျှ၊ သီလတာရာ၊ သမထ နက္ခတ် ဝိပဿနာမှ လရောင်ဉပမာပြသည်။

(လင်္ကာ) [ကြယ်များအလယ် လပြည့်နှယ်သို့ တင့်တယ်ပထွန်း ဘုန်းရောင်ရွှန်း၍ ရွှေဝန်းရုံလို့ သောင်းသောင်းအုံမျှ ကုံလုံမချို့ ဂုဏ်မည္ဘူဘူး၊ ကုသိုလ်သဘော အလယ်ဇောကို ရှင်စောအားလုံး ဟောမတုံးသည်၊ သက်ဆုံးအာယု ကမ္မာတည်း။ (မာန်လည် မဃဒေဝလင်္ကာမှ။)

(၂၀) ဒါ,သီ,ထ နောင်ဘဝမှရ ဝိပဿနာ မဂ်,ဖိုလ်, နိဗ္ဗာန်ချက်ချင်းပင်ရကြပုံ။ ။ယခုဘဝ၌ ဒါနကို ပြုသော် နောင်ဘဝမှာ စကြာမင်းဖြစ်၏။ ယခုဘဝ၊ သီလကိုပြုသော် နောင်ဘဝကြမှာ သိကြားမင်း၊ နတ်မင်းကြီးဖြစ်၏။ ယခုဘဝ သမထပြုသော် နောင်ဘဝကြမှ ဗြဟ္မာမင်းကြီးဖြစ်၏။ ဝိပဿနာ,မဂ်,ဖိုလ်နိဗ္ဗာန်ကား ဒီပုံမဟုတ်ပါ။ (ဘုရင်မွေး နွေ့ခြင်းကြီး) စကားပုံကဲ့သို့ ခုပြု-ခုဘဲရပါတယ်။ [လောကုတ္တရာတရားကိုးပါး၏ ဂုဏ်တော် ၆-ပါး ကြည့်ကြပါ။] (သတိထား သမာဓိပြု အာစာရအရိယာဖြစ်ရော၊ သေိတွေ့လျှင် ဒဿနအရိယာ ဖြစ်ရော၊ သေိ၌ ငါသူ ဒိဋ္ဌိ မပါလျှင် လိင်္ဂအရိယာဖြစ်ရော၊ သေိ၌ ဖြစ်ပျက်တွေ့လျှင် ဗဋ္ဋိဝေဓ အရိယာဖြစ်ပါရောဗျား။

## (၂၁) ၇-နှစ်အရွယ် ရဟန္တာတွေဖြစ်ကြရပုံ

မဂ်,ဖိုလ်,နိဗ္ဗာန် ဆိုတာ ၇-နှစ်အရွယ် စကားမကြွယ် စာမတတ်ပေမဲ့ ရနိုင်သော တရားမျိုးတွေပါဘဲ။ (၁) ဝိသာခါ သူဌေးသမီးသည်။ ၇-နှစ်အရွယ် စကားမကြွယ်၊ စာမဖတ်တတ်သေးပါ။မဂ်ဖိုလ်နိဗ္ဗာန် ရလျက်နေပုံကိုကြည့်ကြပါ။ (၂)ဘုရားရှင် လက်ထက်တော်က ကိုရင်မက်လေးတွေ(ဝါ)သာမဏေရိမကလေးတွေ ၆၇-ပါးတို့ဟာ ၇-နှစ် အရွယ်စကားမကြွယ်၊စာမဖတ်တတ်ပါ။ တာပေမဲ့ ရဟန္တာ ဖြစ်နေကြပုံကိုလဲ ချိန်ဆကြပါတော့။ (၃)ကိုရင်သာမဏေငယ် (၃၅) ပါးတို့ဟာ ၇-နှစ်အရွယ်စကားမကြွယ်၊ စာ

မဖတ်တတ်သေးပါ။ တာပေမဲ့ ရဟန္တာ ဖြစ်နေကြသည်။ အဲဒါတွေဟာ သက်သေပြပုံပါဘဲ။

| | | |
|---|---|---|
| (၂၂) | ယံနုဒိဋ္ဌံ ပူရာဏောဟိ<br>တိတ္ထိကာ စရိယေဟိပိ<br>တံပဒံ သုကုမာရေဟိ<br>သတ္တဝဿေဟိ ဝေဒိတံ။ | မိထွေးတော် ဂေါတမီ<br>ထေရီ အပဒါန်ပါဠိတော်<br>မှ။ ယံပဒံ၊ အကြင်နိဗ္ဗာန်<br>ဆိုတဲ့ တရားတော်ကြီးကို။ |

ပူရာဏေဟိ၊ ရှေးဦးဖြစ်ကြကုန်သော။ တိတ္ထိကာစရိယေဟိပိ၊ တေမိဇနကဟတ္ထိပါလ ဇောတိပါလအယောဃရ၊ သောမနဿီအရက သုနေတ္တ အရနေမိ ကုဒ္ဒါလက မဟာဂေါဝိန္ဒ စသော ဂိုဏ်းဆရာကြီးတို့သည်လည်း။ နဒိဋ္ဌံ၊ မမြင်ခဲ့ဘူးကြပါ။ တံပဒံ၊ ထိုနိဗ္ဗာန်ဆိုတဲ့ တရားတော်ကြီးကို။ သတ္တဝဿေဟိ၊ ၇-နှစ်အရွယ်မျှသာရှိကြကုန်သော။ သုကုမာရေဟိ၊ နုနယ်သေးကွေး ခလေးမကလေးတို့ပင်သော်လည်း။ ဝေဒိတံ၊ မျက်မြင်ဒိဋ္ဌစိတ်တွေ့ချ၍။ နိစ္စမသွေ မြင်၍သာနေကြရလေတော့သတည်း။ (၇-နှစ်အရွယ်နိဗ္ဗာန်ကိုမြင်ကြရပုံပြသည်။)

(၂၃) သွာက္ခာတော ဘဂဝတာဓမ္မော သံဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော။ (လောကုတ္တရာတရား ကိုးပါးတို့၏ ဂုဏ်တော် ၆-ပါးပြသနေပုံဖြစ်ပါသည်။) (၁)သံဒိဋ္ဌိကော၊ အခုပြု အခုမြင်သော လောကုတ္တရာတရားပါဘဲ။ (၂)အကာလိကော ခုကျင့်-ခုရသော လောကုတ္တရာတရားပါဘဲ။ (၃)ဧဟိပဿိကော လာခဲ့ပါ။ လုပ်ကြည့်ပါ။ ချက်ချင်းရသော လောကုတ္တ

ရာတရားပါဘဲ။ (၄) ဩပနေယျိကော၊ ခုပြု-ခုပင်ကပ်၍ ဆောင်သော လောကုတ္တရာတရားပါဘဲ။ (၅)ပစ္စတ္တံဝေဒိတဗ္ဗော ပါငါပြုမှငါရသည်။သူပြုလျှင်သူရသော လောကုတ္တရာတရား။ (၆)သွာက္ခာတော၊ ငါတွေ့စာတွေ့ကိုက်ညီသော လောကုတ္တရာတရားပါဘဲ။ ဒီလိုစိတ်ချရတယ်။ ဒါန၊ သီလ သမထတရားတွေဟာ အားနဲ့သဖြင့် ယခုဘဝပြုလျှင် နောက် နောင်မှအကျိုးပေးနိုင်ကြသည်။တမျိုးပါဘဲ။ (၂)မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် လောကုတ္တရာတရားတို့မှာကား အားကြီး အစွမ်းကြီးလှသဖြင့် အခုပြု-အခုရသော လောကုတ္တရာမျိုးဖြစ်ပါသည်။

(၂၄) ဝိပဿနာရှုတာ သင်္ခါရတရားပါဘဲ။ အိမ်ရှေ့မင်း၏ရာထူးကိုရရှိတာနှင့်တူ၏။ မဂ်ဉာဏ်ကား သစ္စာလေးပါးရှုတာပါ။ပြည့်ရှင်မင်းနှင့်တူသည်။(သာဓက)[ပညာယ စဿဒိသွာတိ၊ ဝိပဿနာပညာယ၊ သင်္ခါရဂတံ၊ မဂ္ဂပညာယ စတုသစ္စဓမ္မေ၊ပဿိတွာ။]ပုဂ္ဂလပညတ္တိ အဋ္ဌကထာ နံပါတ် ၂၉၊ကြောင်းရေ-၁ ဇံမှမှ။ ။ပညာယစဿဒိသွာတိ၊ ထိုသူ အား ပညာဖြင့် မြင်တယ်ဆိုသည်ကား။ ဝိပဿနာပညာယ၊ ဝိပဿနာပညာဖြင့်။သင်္ခါရဂတံ၊သင်္ခါရ အပေါင်းကိုသာ မြင် ခြင်းတည်း။(အဲဒါက အိမ်ရှေ့မင်း၏ရာထူးကို ရရှိတာနှင့် တူပါသည်။) မဂ္ဂပညာယ၊ မဂ်ပညာဖြင့်။ စတုသစ္စဓမ္မေ၊ သစ္စာလေးပါးတရားတို့ကို။ ပဿိတွာ၊ မြင်၍။ (အဲဒါက တော့ ပြည့်ရှင်မင်းကြီး ရာထူးကို ရရှိတာနှင့် တူပါသည်။

တနည်း။(ပထဗျာဇကေရဇ္ဇေန သဂ္ဂဿဂမနေနဝါ၊သဗ္ဗလောကာဓိပစ္စေန သောတာပတ္တိဖလံဝရံ။) ဂါထာကို ကြည့်ပါ။ မဂ်လေးပါး၊ဖိုလ်လေးပါးကို လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းထက် သာလွန်သော မဂ်မင်း၊ ဖိုလ်မင်းဟူ၍ ပြပါသည်။ အောက်တွန်းကလဲ ၎င်းဂါထာနှင့် မဂ်လေးပါးနဲ့ ဒါ့ သိ ထ ဝိ ကိုပြခဲ့ပြီးပါပြီ။ ပြန်၍ကြည့်ကြပါ။

(၂၅) လူခေါ်ရပုံ၌ ပဋိသန္ဓေအခါ ဖွါးစ ၃၀-အရွယ်သေခါနီးအထိ လူတဦးထဲက လေးပိုင်း ခြားနားသည်။ ဥပမာရင်းသည်။ ဒါနဇနကကံကြောင့် အမိဝမ်း၌ သန္ဓေတည်၏။ သူဘဲ ၁၀-လစေ့တော့ ဖွါး၏ သူပါဘဲ။ အသက် ၃၀-အရွယ်ရှိပြီသူဘဲ။၁၀၀-ရှိပြီသူပါဘဲ။အဲဒါလူတဦးထဲက လေးမျိုး ခွဲတာလိုပါဘဲ။ သောတာပန်မှာလဲ (အာစာရအရိယာ၊ ဒဿနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိဝေဓအရိယာ လေးမျိုးတို့ကား သောတာပန်၏ပဋိသန္ဓေတည်နေပုံပါဘဲ။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးကား သောတာပန်၏ဖွါးစပါဘဲ။သမ္မသနဉာဏ်ကစ၍ ဂေါတြဘူဉာဏ်အထိကား သောတာပန်၏ ၃၀-အရွယ်ပါဘဲ။မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်ကား သောတာပန်၏ သေခါနီးအခါပါဘဲ။ အဲဒါဟာ သောတာပန်တမျိုးထဲက ကာလပိုင်းခြား၍ လေးမျိုးနဲ့ခွဲခြားပြီး သုံးစွဲကြသည်။

တနည်း၊ ပထမ ၂-ဉာဏ်ကား စူဠသောတာပန်ဖြစ်၏ သမ္မသနကစ၍ ဂေါတြဘူအထိကား မဇ္ဈိမသောတာပန်

ဖြစ်ပြန်၏။ မဂ်ဖိုလ်ပစ္စဝေက္ခဏာ ၃-ဉာဏ်ကား မဟာသောတာပန်ခေါ်ရပြန်၏။သောတာပန်တဦးထဲက ၃-ပိုင်း ပိုင်းခြား၍ ခေါ်ကြပုံကိုလဲ သတိပြုကြပါလေ။

## (၂၆) (ချော့လျှင်မိစ္ဆာ သာလျှင်ဒိဋ္ဌိ)

၁။ ပညာလွန်တော့-ကွန့်သည်။ (သာလို့ဒိဋ္ဌိဖြစ်၏)
၂။ သဒ္ဓါလွန်တော့-ဆုံ့ သည်။ ၎င်း
၃။ သမာဓိလွန်တော့ တွန့်သည်။ ၎င်း
၄။ ဝီရိယလွန်တော့ ပြန့်သည်။ ၎င်း
၅။ သမ္မုဟပညတ်။ (ကိလေသာ၏အာရုံ။)
၆။ ဃနပညတ် ၎င်း
၇။ သဏ္ဌာနပညတ်။ ၎င်း
၈။ သန္တတိပညတ် ၎င်း
၉။ နာမပညတ် ၎င်း
၁၀။ သဒ္ဒပညတ် ၆-ပါး ၎င်း
၁၁။ အတ္ထပညတ် ၉-ပါး ၎င်း
၁၂။ ပုဂ္ဂလပညတ်အစားစား ၎င်း
၁၃။ ဝိညာဉ်သိ၊ စိတ္တဝိပ္ပလ္လာသ လေးပါး အရှုံးတဲ့
၁၄။ သညာသိ သညာဝိပ္ပလ္လာသ လေးပါး ၎င်း။
၁၅။ ဒိဋ္ဌိသိ ဒိဋ္ဌိဝိပ္ပလ္လာသ လေးပါး ၎င်း။
၁၆။ ဝိတက်သိ သမာဓိပျက် အာရုံပြားသည်။
၁၇။ သုတမယသိ၊ ပညတ်၊ ကိလေသာ အာရုံပါ။

၁၈။ စိန္တာမယသိ၊ သမာဓိပျက် အာရုံပြားသည်။
၁၉။ ဝိနည်းသိ ပညတ် ဒေသနာ။
၂၀။ သုတ္တန်သိ ပညတ် ဒေသနာ။
၂၁။ အဘိဓမ္မာသိ၊ ပညတ် ဒေသနာ။
၂၂။ ပိဋကတ်သိ ပညတ် ဒေသနာ။
၂၃။ နိကာယ်သိ ပညတ် ဒေသနာ။
၂၄။ အင်္ဂါကိုးတန်သိ ပညတ် ဒေသနာ။
၂၅။ ဓမ္မက္ခန္ဓာသိ ပညတ် ဒေသနာ။

(၂၇) ယခုပြထားသော အမှား အပိုအလွန်၊အလျော့ တို့ကို။ ဝိပဿနာကာလဲမလိုချင် မဂ်ဖိုလ်နိဗ္ဗာန်ကာလဲ မလိုချင် ပါ။[ပညတ္တိ ထပေတွာ၊နိဗ္ဗုတ္တိတ၊ပရမတ္တဝသေန၊ ဝိဝိဓါဝါ ဿသတိတိ၊ ဝိပဿနာတဲ့။] ကျမ်းဂန်တွေ၌ မိန့်ဆိုချက်များ ရှိနေပါသည်။ဝိပဿနာဆိုတာ(၁)သဒ္ဒပညတ်၊အတ္ထပညတ် ပုဂ္ဂလပညတ်အာဘါဝပညတ်တွေကိုအကုန်လုံးပယ်စွန့်ရခြင်း၊ (၂)ပရမတ္ထသဘာဝဆတ်ဆတ်ကိုသာရှုရခြင်း။ (၃)အနိစ္စ ဒုက္ခ၊အနတ္တသဘောတွေကို ဓါတ်က ပြနေမှုရှုရခြင်း။ (၄) ဝိသုဒ္ဓိစဉ်၊ဗောဓိပက္ခိယစဉ်၊ဉာဏ်စဉ်ဖြင့် ထူးထူး-ခြားခြား၊ မြင့်မြင့်-တက်တက်ပြီးပေါ်တာကိုသာရှုရခြင်းဟူ၍။ဝိပဿ နာအစစ်၌ အင်္ဂါလေးပါးထားသည်။

ဝိနည်းသိ၊သုတ္တန်သိ၊အဘိဓမ္မာသိ၊ပိဋကတ်သိ၊ နိကာယ် သိ၊ အင်္ဂါကိုးတန်သိ၊ ဓမ္မက္ခန္ဓာ သိတွေဟာလဲ [ဒေသနာ

ပညတ္တိနာမ။]ဟူသော ပါရာဇိကဏ် အဋ္ဌကထာ အဂ္ဂိတ္တိုရ် ဋီကာကြီးတို့၌၊ မိန့်ဆိုထားပါ၍။ ပညတ်တွေမို့ ပယ်ရှား ထားရမည်ဖြစ်သည်။(ပရမတ်ကို ရှုရာ၌) ပညတ်မပါ ပါစေ နှင့်ဟူ၏။[ဘာဂဝါကောမ္ပ၊ အနေကာသဟိ၊ ဝိဝိဓါဟိ၊ ပညတ္တိဟိ၊ အာရောပေတ္ဗာဒေသေတိ။]ဟု၊ အဂ္ဂိတ္တိုရ်ဋီကာကြီး၌ မိန့်ပြန်ရကား ပညတ်မို့ (ဝိပဿနာ ပရမတ်အရာ၌ မပါစေ ရပါ။ ။ဒိပ္ပလ္လာ သလေးပါးစီ၊ ၃-ဌာနမှာလဲ ဖေါက်ပြန် နေတာမို့ (ဝိပဿနာပရမတ်က မဖေါက်မပြန်သော နယ် ထဲ၌လာ၍ မရှုတ်ထွေးရပါ။ ဝိတက်သိနှင့် စိန္တာမယသိတွေ လဲ (သမာဓိ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာ ဘူတံ ပဇာနာတိ။) ပါဠိနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် ဘက်ဖြစ်၍။ သမာဓိပျက်၍ ဥဒ္ဒစ္စကိုအားပေး၍ အာရုံပြား ၍။ ၎င်းဝိတက်နှင့် စိန္တာမယသိကို (ဝိပဿနာနေရာ၌ မပါ စေရပါ။)ဝိပဿနာဆိုတာ (ဝိဘူတ၊ တရသောဝရုပ္ပနံ။)မို့ အလွန်ထင်ရှားလှသော အဖြစ်အပျက်။ပ္ပန်ကာလ ရှုနေ တုန်း ဖြစ်ပျက်သဘာဝကိုသာ ရှုရပါသည်။၎င်းပြင်[အတီ တံ၊နန္ဒာဂမေယျ၊ နာပိကခေ်အနာဂတံ၊ ပစ္စုပ္ပန္နဥယောဓမ္မ ယတ္ထယတ္ထ ဝိပဿတိ။]ဟူသော ဥပရိပဏ္ဏာသ ပါဠိတော် ဘဒ္ဒေကရ ၆-သုတ်တော်၌ပြထားပါသည်။ အတိတ်ကာလ ကဖြစ်ခဲ့ဘူးသောပရမတ်တရားကိုလဲ တွေးတော၍ ဝိတက် နဲ့မရှုပါနှင့်တဲ့။××အနာဂါတ်၌မဖြစ်ရသေးသော ပရမတ် တရားတို့ကိုလဲ မျှော်၍ ကြိုဆို၍ ဝိတက်နှင့် မရှုပါနဲ့တဲ့။

အတိတ်ပရမတ်နှင့် အနာဂါတ်ပရမတ်တွေဟာ (မရှိတော့ဘူး ဖြစ်ကိုမဖြစ်ရသေးဘူး။ သဘာဝကိုမရှိဘူး။ ဒါကြောင့် မနှုကြပါနဲ့တဲ့။ ။ဝိပဿနာဆိုတာ ပေါ်တာကို သတိမလစ်စေဘဲ လိုက်နေဘို့နှင့် ရုပ်နာမ်ပရမတ်၌ သမာဓိနှင့် စိတ်ကို တည်ကြည်စူးစိုက်စွာ ထားဘို့သာဖြစ်ပါတယ်။

စာကြံနည်းနဲ့ကြံမနေပါနှင့်ဝိပဿနာဆိုတာ(ဘာဝနာမယဉာဏ် ပညာသိ)မို့။ ရုပ်းမှကျွင်းကျန်သော ဝိညာဉ်သိသညာသိ၊ဒိဋ္ဌိသိ၊ ဝိတက်သိ၊ သုတမယသိ၊စိန္တာမယသိတို့ကိုဖယ်ရှောင်ပြီး(ပညာသက်သက်နဲ့သာ သိသိနေရမည်ဖြစ်ပါသည်။ အဲဒါသဲလွန်းစပြသည်၊ ဝိပဿနာမှာ (လျှော့လျှင်မိစ္ဆာ)လဲမပါစေရဘူးတဲ့။(သာလျှင်ဒိဋ္ဌိ)လဲမပါစေရဘူးတဲ့တွေ့စဉ်[သေိ၊ပူသိ]နှင့်သိသိနေရသည်။ နောင်တော့[သေိဖြစ်၊ သေိဖြစ်နှင့် တိုးတက်ပေါ်လာသည်။ တဖန်[သေိပျက်သေိပျက်နှင့်] ပေါ်၍ တက်မြင့်လာသည်။ အားကြီးလာတော့[ရှရှတွေ၊မှမှတွေ၊ဖြင်းဖြင်းတွေ၊ဖိုးဖိုးတွေ၊ ဖြန်းဖြန်းတွေ၊ ရှိန်ရှိန်တွေ၊ သုတ်သုတ်တွေ၊ ရှိန်းရှိန်းတွေနှင့်] သိသိသာသာကြီး ပေါ်သိနေရသည်။ ဤကစ၍ ဉာဏ်စဉ် တက်တက်လာတော့သည်။ [ပရမတ် အားကြီး၍ လာတော့။ ခေါင်ပညတ်၊ ရင်ပညတ်၊ကြောပညတ်၊ ခေါင်းပညတ်တွေကို သတိမရတော့ဘဲ။(ရှိန်ရှိန်-သုတ်သုတ်၊လှုပ်ရှရှ) နှင့်သာတွေ့နေရသည်။ အဲဒါ[ပညတ္တိ ထပေတွာ။ ]ဝါ [ပညတ္တိ သမ္မတိက္ကမ္မ။ ]ပညတ်နယ်မှ လွန်လာသဖြင့် [သဘာဝေယေ

ဝ၊စိတ္တံ သံတိဋ္ဌတိ။] သဘောတရား၌သာ စိတ်ဟာတည်၍ သိသိနေပါသည်။အမှန်ဘဲ။

## ပညာဆိုတာဘာလဲ

ပညာတို့ ဉာဏ်တို့၊ ဝိဇ္ဇာတို့အားရှင်းပြခြင်း

(၂၈) (သဘာဝ လက္ခဏာတွေကိုတွေ့လျှင် ယထာဘူတဉာဏ်၊သမ္မပညာပါဘဲတဲ့။) [ပထဝီဓါတုယေဝေသာ နေတံမမ၊ နေသောဟမသ္မိ၊နမေသောမေအတ္တာတိ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။]စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်မှ။ တောင့်ခြင်း၊တင်းခြင်းစသောပထဝီ၏သဘော လက္ခဏာ ၁၃-ပါး ထဲက တပါးပါးကိုတွေ့၏။ ၎င်းသဘောတွေ့ဟာ။

| | | |
|---|---|---|
| နေတံမမ | နေသောဟမသ္မိ | နမေသောအတ္တာ |
| ငါ့ဥစ္စာမဟုတ်ပါ | ငါမင်းသားမဟုတ် | ငါ၏အတ္တမဟုတ် |
| တဏှာစွဲဖြုတ်ပုံ | မာနစွဲဖြုတ်ပုံ | ဒိဋ္ဌိစွဲဖြုတ်ပုံ |
| တဏှာဂါဟဖြုတ်ပုံ | မာနဂါဟဖြုတ်ပုံ | ဒိဋ္ဌိဂါဟဖြုတ်ပုံ |
| တဏှာပပဉ္စဖြုတ်ပုံ | မာနပပဉ္စဖြုတ်ပုံ | ဒိဋ္ဌိပပဉ္စဖြုတ်ပုံ |
| တဏှာမညနာဖြုတ် | မာနမညနာဖြုတ် | ဒိဋ္ဌိမညနာဖြုတ်ပုံ |

(၂၉) (သာမည လက္ခဏာတွေကိုတွေ့လျှင် ယထာဘူတဉာဏ်၊ သမ္မပညာပါဘဲတဲ့။) [ရူပံဘိက္ခဝေ၊ အနိစ္စံ၊ယဒနိစ္စံ၊ တံဒုက္ခံ၊ ယံဒုက္ခံ၊ တဒနတ္တာ၊ ယဒနတ္တာတံ၊ နေတံမမ နေသောဟမသ္မိ၊နမေသောအတ္တာတိ၊ဝေမေတံ၊ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ။] ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နံပါတ်-၁၉ ပိုဒ်-၁၅ မှ။ ။ချစ်သားတို့၊ရုပ်သည်အမြဲမရှိ အနိစ္စတည်း။

အကြောင်း မမြဲခြင်းအနိစ္စသည်ရှိ၏။ ထိုအနိစ္စသည် ဒုက္ခတည်း။ အကြောင်းဒုက္ခသည်ရှိ၏။ထိုဒုက္ခသည် အနတ္တတည်း။ ၎င်းအနိစ္စရော၊ ဒုက္ခရော၊ အနတ္တရော ၃-မျိုးလုံးဟာ။

| | | |
|---|---|---|
| နေတံမမ | နေသောဟမသ္မိ | နမေသောအတ္တာ |
| ငါ့ဥစ္စာမဟုတ်ပါ | ငါမင်းသားမဟုတ် | ငါ၏အတ္တမဟုတ် |
| တဏှာစွဲဖြုတ်ပုံ | မာနစွဲဖြုတ်ပုံ | ဒိဋ္ဌိစွဲဖြုတ်ပုံ |
| တဏှာဂါဟဖြုတ်ပုံ | မာနဂါဟဖြုတ်ပုံ | ဒိဋ္ဌိဂါဟဖြုတ်ပုံ |
| တဏှာပပဉ္စဖြုတ်ပုံ | မာနပပဉ္စဖြုတ်ပုံ | ဒိဋ္ဌိပပဉ္စဖြုတ်ပုံ |
| တဏှာမညနာဖြုတ် | မာနမညနာဖြုတ် | ဒိဋ္ဌိမညနာဖြုတ် |

(ပညာယပရိသုဒ္ဓျတိ။)အာဠဝကသုတ်မှ။ (ပညာသမာ အာဘာနတ္ထိ။) သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်။

(၃၀) (စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။] ဓမ္မစကြာမှ။ (ဒုက္ခမေဝဟိသမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊ နညတြ ဒုက္ခာသမ္ဘောတိ၊နညံဒုက္ခံ နိရုဇ္ဈတိ။) သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ ဘိက္ခုနီသံယုတ်၊ ဝဇိရာသုတ် နံပါတ်-၁၇၇၊မှ။ (ဒုက္ခမေဝ၊ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ၊ နိရုဇ္ဈတိ၊ နကင်္ခတိ၊ နဝိစိကိစ္ဆတိ၊ အပရပစ္စယာ၊ ဉာဏမေဝဿ၊ ဧတ္ထ ဟောတိ၊ ဧတ္တာဝတာ၊ ခေါကစ္စာန၊ သမ္မာဒိဋ္ဌိဟောတိ။) နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။ အာဟာရဝဂ်၊ ကစ္စာနဂေါတ္တ သုတ်မှ။[ ပညာယစဿ၊ဒိသွာတိ၊ဝိပဿနာပညာယ၊ သင်္ခါရ

ဂတံ၊ မဂ္ဂပညာယ၊ စတုသစ္စဓမ္မေ၊ ပဿိတ္ဘာ။] ပုဂ္ဂပညတ္တိ အဋ္ဌကထာ နံပါတ်-၂၉၊ကြောင်းရေ-၁ ဇံမူမှ။ယခုပြသော ပါဠိတွေဟာ(ပညာသိ၏။)သာဓကမျိုးစုံတို့ပါဘဲ။ ဇယား ပုံစံပြန်ကြည့်ပါ။

## ပညတ်နဲ့ ပရမတ်ခွဲပြခဏ်း

ပညတ်ကား ၃၂-ကောဋ္ဌာသ၊ ၄၂-ကောဋ္ဌာသ၊ ၆၆-ကောဋ္ဌာသ၊ ၉၆-ကောဋ္ဌာသ ရှင်းတို့၌ အထယ်နဲ့၊ ဒြပ်နဲ့ ပုံစံနဲ့၊ သဏ္ဌာန်နဲ့နေတာကိုသိ၍ ပညတ်သိခေါ်သည်။

(ပရမတ်သိကား စိတ် ၁၂၁-ပါးပေါ်တော့သိ၏။ စေတသိက် ၅၂-ပါးပေါ်တော့သိ၏။ ရုပ် ၂၈-ပါးပေါ်တော့ သိ၏။ နိဗ္ဗာန်အသခ်ျေပေါင်း တထောင်ပေါ်တော့သိ၏။ ပထဝီဓါတ် (၁၃)မျိုး ပေါ်တော့သိ၏။ အာပေါဓါတ် ၂-မျိုးပေါ်တော့သိ၏။ တေဇောဓါတ်၆-မျိုးပေါ်တော့ သိ၏။ ဝါယောဓါတ် (၁၁) မျိုးပေါ်တော့သိ၏။ (သေသိ၊ ပူသိ၊ ယားသိ၊ ကျင်သိ။)စသည်ဖြင့် ပေါ်တိုင်းသိ၏။ အဲဒါ တွေဟာ ပရမတ်သိပါဘဲ။ [ပရမတ်သိနဲ့သိသိနေပါ များ လာတော့ ရှင်းပေါ်သိ၊ ပေါ်သိတွေဟာ လူလဲမပါ၊နတ်လဲ မပါ။ ပုဂ္ဂိုလ်လဲမပါ၊ သတ္တဝါလဲ မပါ၊ မိမ္မလဲမပါ၊ ယောကျ်ားလဲမပါဘူးဟု ဒိဋ္ဌိကိုခွါ၍ အသိဉာဏ်ပေါ်လာ သည်။(အဲဒါပညာသိ၊ အဲဒါဉာဏ်သိ၊ အဲဒါဝိဇ္ဇာသိ)ပါဘဲ။ [စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ အာလောကောဥဒပါဒိ။] ဟူသော ဓမ္မစကြာပါဠိက ရှင်း

ပညာသိ၊ ဉာဏ်သိ၊ ဝိဇ္ဇာသိ၊ သေိငါမပါ၊ ပုသိငါမပါဟု ဒိဋ္ဌိကိုပယ်၍သိတော့သည်။[နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိံ ပဇဟတိ။] သေိပေါ်သဖြင့် ငါမပါ၊ သူမပါဘူးဟု ဒိဋ္ဌိကိုခွါခွါပြီးသိသိလာပါတယ်။ ပညာသိပါဘဲ။

## (၃၁) မဂ်တရားဆိုတာဘာလဲ

ဝိပဿနာကို မဂ်တရားဘဲဟု မြတ်စွာဘုရားက ဟောကြားပုံ–။

(၁) [ဝိပဿနာ အယံဝုစ္စတိ အသင်္ခတ ဂါမိမဂ္ဂေါ။] အသင်္ခတ သံယုတ်ပါဠိတော်မှ။ ။ဤဝိပဿနာကို နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော မဂ်ဟူ၍ ဆိုအပ်၏တဲ့။ မြတ်စွာဘုရား၏ ဗျာဒိတ်တော်ပါ။

(၂) [ကောယနော အယံဘိက္ခဝေ မဂ္ဂေါ။] မဟာသတိပဋ္ဌာန သုတ်တော်မှ။ ဤသတိပဋ္ဌာန် လေးပါးဆိုတဲ့ မဂ်တရားသည်။ နိဗ္ဗာန်သို့ တကြောင်းထည်းသော လမ်းတည်း။ သတ္တဝါများ သွားနေကြ၏။

(၃) {ဝိပဿနာတိ၊ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓသာဝကာနံ ဂတမဂ္ဂေါ။} မဟာနိဒ္ဒေသ အဋ္ဌကထာမှ။ ဝိပဿနာ ဆိုတာ ဘုရားများ၊ ပစ္စေကဗုဒ္ဓါများ၊ အရိယာ သာဝကများ၏ သွားရာဖြစ်သော မဂ်လမ်းမကြီးဖြစ်၏။ ဤလမ်းအတိုင်း သွားမှ နိဗ္ဗာန်သို့ရောက်၏။

(၄) {သေမဂ္ဂေါ အယံအမဂ္ဂေါ။} သေိ၊ ပုသိနှင့်ပေါ်

တာဘာ မဂ်အစစ်ပါ။ ဩဘာသအစရှိသော ၁၀-ပါးဟာ အမဂ်ပါ။မဂ်၏အတုပါ။ အသင်းရောင်စသည် မဂ်မှားတွေ ၁၀-ပါးတဲ့။

(၃) [သဗ္ဗေသင်္ခါရာအနိစ္စာတိ၊ ယဒါပညာယပဿတိ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ သောမဂ္ဂေါ ဝိသုဒ္ဓိယာ။] ဓမ္မပဒပါဠိ တော်မှ။ ။၃၁-ဘုံမှာ ရှိ ရှိသမျှသော သဘောတရားတွေ ဟာ၊အနိစ္စတည်းဟု အကြင်အခါ၌ ဝိပဿနာပညာဖြင့် မြင် ၏၊ သိ၏· ထိုအခါ၌ ထိုအနိစ္စတွေဟာ ဒုက္ခချည်းပါတကား ဟု ငြီးငွေ့၏၊ငြီးငွေ့ခြင်းသည်၊ မဂ်တည်း။ ဝိသု ကား နိဗ္ဗာန်ဘည်း။

(၄) {သဗ္ဗေသင်္ခါရာဒုက္ခာတိ၊ ယဒါပညာယ ပဿတိ၊ အထနိဗ္ဗိန္ဒတိဒုက္ခေ သောမဂ္ဂေါ ဝိသုဒ္ဓိယာ။} ဓမ္မပဒ ပါဠိ တော်မှ၊ ။၃၁-ဘုံမှာ သင်္ခါရတွေဟာ ဒုက္ခချည်းဘဲဟူ၍ အကြင်အခါ၌၊ ဝိပဿနာပညာဖြင့်မြင်၏၊သိ၏။ ထိုအခါ၌ ဒုက္ခတွေ၌ ငြီးငွေ့တော့၏။ငြီးငွေ့ခြင်းသည်၊ မဂ်တရား ပါဘဲ။ ဝိသုဒ္ဓိနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့်ရောက်သည်။

(၅) {သဗ္ဗေဓမ္မာအနတ္တာတိ။ ယဒါပညာယ ပဿတိ၊ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ သောမဂ္ဂေါဝိသုဒ္ဓိယာ။) ဓမ္မပဒပါဠိ တော်မှ။ ။ရှိရှိသမျှ သဘောတရားတွေဟာ အနတ္တတည်း ဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့် မြင်၏၊ သိ၏၊ ထို အခါ၌ ဒုက္ခ၌ ငြီးငွေ့တော့၏။ ငြီးငွေ့ခြင်းသည်။ မဂ်

6

တရားတည်း။ဝိသုဒ္ဓိနိဗ္ဗာန်သို့မဂ်ဖြင့်ရောက်တော့၏။မြတ်စွာဘုရား၏ဗျာဒိတ်တော်တွေပါဘဲ။

(ဂ) (ရှုပံဘိက္ခဝေ၊အနိစ္စံ၊ယဒနိစ္စံ၊တံဒုက္ခံ၊ယံဒုက္ခံ၊တဒနတ္တာ ယဒနတ္တာတံ၊ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာတိ ဧဝမေတံယထာဘူတံ၊သမ္မပ္ပညာယဒဋ္ဌဗ္ဗံ။) ခန္ဓဝဂ္ဂသံပါဠိ၁၉-နံပါတ်၊ ၁၅-ပိုဒ်မှ။

## (၄၂) မသေသောတရားနိဗ္ဗာန်းစကား

(ပထဝီဓါတ်ကြောင့် မသေရတော့ပါ)ဗီလုံးငှက်မဟာသားငယ်ကို နွားချေးရာ ခွက်ထဲမှာသာနေပါ။ လှင်ပြင်သို့မထွက်ပါနဲ့ဟု၊အစာရှာသွားကာနီးတိုင်းမှာခဲ့၏။ သားဟာမနေလို့ သိန်းကသုတ်ချီသည်။မိဘစကားကိုနားမထောင်လို့အသုတ်ခံရတယ်ဟု ငြီးငြူသဖြင့် သိန်းကလွှတ်၏။ ဗီလုံးငှက်ငယ်ဟာ နွားခြေရာခွက်၌နေသည်။သိန်းသည်။ ၃-ကြိမ်မျှသုတ်သော်လဲ နွားချေးရာခွက် ပထဝီမြေကြောင့် မသေရပါ။ သိန်းသာရင်ကွဲ၍ သေသည်။ ဤကား ပထဝီဓါတ်ကြောင့် မသေရပုံ မသေသော ဆေးတခွက်ရပုံပြ၏။

(အါပေါဓါတ်ကြောင့်မသေရတော့ပါ။) ဖါးကလေးတကောင်ဟာ ရေကန်ထဲက ကြာရွက်ပေါ်တွင် ထိုင်၍နေ၏။ခြင်္သေ့မင်းရောက်လာပြီး ဟယ်ဖါးငယ် ဒီပုံမထိုင်နဲ့ ဒီလိုထိုင်တာဟာ ကေသရာဇာခြင်္သေ့မင်းများ၏ထိုင်ပုံဖြစ်သည်။ တမျိုးထိုင်ပါဟု အာဏာပြ၏၊ ဖါးကလဲ မထိုင်တတ်ပါဟု

တောင်းပန်သည်။ခြင်္သေ့က ၃-ကြိမ်မျှ ဟိန်းဟောက်သည်။ ခြင်္သေ့မင်းဟာ ရင်ကွဲ၍သေရသည်။ဖါးငယ်ကား ဟောက် ဟိန်းတိုင်းပင် အာပေါဓါတ်ရေထဲ၌ ငုတ်ငုတ်နေ၍ မသေ ရပါ။ မသေသော ဆေးကခွက်ပါ။

(တေဇောဓါတ်ကြောင့် မသေရတော့ပါ။) ဘုရား အလောင်းမျောက်ဘဝနဲ့နေရတုန်းက သိန်း သောင်း မက သော မျောက်တွေ၏ ဘုရင်ဖြစ်သည်။ ရွာမျောက်များ၏ ပြောကြားသော သတင်းစကားကြောင့် မျောက်တွေဟာ ရွာ၏အနီးက ကြို့ပင်တောသို့သွားချင်ကြတယ်။တားမရသ ဖြင့် ဘုရားအလောင်းပါ လိုက်သွားရသည်။ ရွာအနီးက ကြို့ပင်တောသို့ မျောက်တွေရောက်နေလျှင် ရွာသားတဦး ကသိ၍ တဆင့်မှတဆင့်သိလာကြရာ တရွာလုံးရှိလူတွေဟာ ညအချိန်၌ ဝိုင်းဝန်းထားကြသည်။ မျောက်တွေမထွက်နိုင် သေကြရတော့မည်။)ရင်းအထဲ၌မပါသေးဘဲ ကျန်ရစ်နေခဲ့ သော သေနကမျောက်ဟာ လိုက်၍လာခဲ့လျှင် မျောက်တွေ ကိုလူတွေက ဝိုင်းထားကြောင်းကိုသိ၍ တဦးထဲ ရွာသို့သွား ပြီးမီးဖိုထဲက မီးရှိသော ထင်းကိုယူ၍ခေါင်မိုးတွေကို မီးဖြင့် ရှို့လိုက်တယ်။ တရွာလုံးဟာ မီးတွေတထိန်ထိန်လင်းသွား တော့သည်။ လူတွေဟာ ဝိုင်းထားရာမှ အိမ်တွေဆီသို့ပြေး ပြီးမီးကို ငြိမ်းသတ်ကြသည်။ မျောက်အားလုံးလဲ သစ်သီး ကိုယ်စီနဲ့တောသို့ဝင်ကြသည်။ တေဇော မီးဓါတ်ကြောင့် မသေရတော့ပါ။

(ဝါယောလေဓါတ်ကြောင့်မသေရတော့ပါ) ပင်လယ်ထဲ၌ လင်းရှူးဆိုတဲ့ သတ္တဝါတွေဟာ ရန်သူများနဲ့တွေ့လျှင် သဲရော၊ ရေရောင်၍ လေဝါယောနဲ့ မှုတ်သည်။ ရန်သူတွေ ပြေးကြရသည်။ လင်းရှူးဟာမသေရတော့ပါ။ အစာဖြစ်သော ငါးပုဇွန်တို့ကို လေနဲ့မှုတ်၍ တက်စေသည်။ ကျလာမှ စားမျိုသည်။ ဝါယောဓါတ်ကြောင့် မသေရတော့ပါ။

ဓါတ်လေးပါး၊ ဓါတ်ငါးပါး၊ ၆-ပါး၊ ၇-ပါး၊ ၁၇-ပါး တို့ကို ရှုလည်း မသေတဲ့နေရာသို့ ရောက်ရသည်။ (အမတံ) သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပေသိ၊ ရောက်စေပြီ။ အမရဏံ၊ မသေရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ နိဗ္ဗုတ္တတိ၊ ဖြစ်ရတော့၏။ ယခုပြတာတွေဟာ မသေဆေးနှင့် မသေရသော ဌာန မသေစေတဲ့တရားကို စု၍ပြပုံပြီး၏။

## (၃၃) မသေသောတရား

(မသေသောတရားဆိုတာ)။ ဓါတ်တရားပါဘဲ။ ဘာ့ကြောင့် မသေရပါသနည်းဟူမူ (၁) ဥပမာ လူတဦးဟာ ဓါတ်တရားကို ရှုချင်ပွါးချင်လို့ ပထမဦးစွာသတိထားသည်။ သတိမြဲလာတော့ သမာဓိရလာသည်။ ဤကဲ့သို့ သတိနဲ့ သမာဓိ ၂-ပါး ရလာလျှင်ပင် ၎င်းလူဟာ ပုထုဇဉ်ဘဝမှ တန်း မြင့် တက် လာ ၍ အာစာရအရိယာ ဖြစ်လာသည်။ (လူကား မသေရသေးပါ။) မသေရသေးဘဲနှင့် ပုထုဇဉ်မှ အာစာရအရိယာသို့တန်းတက်၍လာတော့သည်။ (၂)သတိ

သမာဓိရအောင် မြင်တော့မှ(သေ)ဟု ရုပ်နာမ် ပေါ်လာသည်၊ အဲဒါဒသနအရိုးသိ မြင့်တက်လာပုံပါဘဲ။ (၃) တဖန်(သေ)တစ်ု၌ ငါ့သူ့လူ့နတ် ပညတ်ရော၊ဒိဋ္ဌိရော၊ဝိစိရော၊ကွာရသည်။ စိတ်ပြောင်းရသည်။ အဲဒါလိင်္ဂအရိယာသို့ တန်းတက်၍လာပုံပါဘဲ။ (၄)တဖန်၊ ပေါ်ပျက်၊သိပေါ်ပျက်နှင့်အနိစ္စ၊ဒုက္ခ၊အနတ္တကိုရလာပြန်သည်။ အဲဒါပဋိဝေဓ အရိယာသို့ မြင့်တက်လာပုံတည်း။ (၅)တဖန်၊ ပညတ်များကွာ၍ သေ၊ ပူသိတို့ကိုတွေ့ရသည်။ အဲဒါ စူဠသောတာပန်ပါဘဲ။ (၆)တဖန်၊ သေ့ပူသိတို့ကိုရှုနေရင်းပင် (သမ္မသနဉာဏ်ကစ၍ ဂေါတြဘူဉာဏ်အထိ တပါးပါးကိုရလျှင် မဇ္ဈိမသောတာပန်ပါဘဲ။(၇)တဖန်၊သေ့ပူသိ ရှုရင်းပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ကိုရလျှင် မဟာသောတာပန်ပါဘဲ။ (၈) တဖန်၊ သေ၊ ပူသိ ရှုနေရင်းပင် ကာမရာဂနှင့် ဗျာပါဒ ခေါင်းပါးသွားလျှင် သကဒါဂါမ်ပါဘဲ။ (၉) တဖန်၊ သေ ပူသိ ရှုနေရင်းပင် ကာမရာဂနှင့် ဗျာပါဒ ကုန်ခမ်း ချုပ်ငြိမ်းပပျောက်ကင်းစင်သွားလျှင် အနာဂါမ်ပါဘဲ။ (၁၀)တဖန်၊ သေ ပူသိကို ရှုနေရင်းပင် အကုသိုလ်တွေရော ကိလေသာ(၁၅၀၀)တွေရော ကုန်ခမ်း ချုပ်ငြိမ်း ပပျောက်ကင်းစင်သွားလျှင် ရဟန္တာပါဘဲ။(၁၁)တဖန်၊မဂ်တခု တခုမှ ဖိုလ်စိတ်သို့ ကူးကူးသွားလျှင် အာဒိကမ္မိက ဖလသမာပတ်ရပြီပါဘဲ။(၁၂)တဖန်၊သေ၊ပူသိရှုရင်းပင် ဖိုလ်တခုခုကို ဝင်စားနေလျှင်။ဝလဥ္စနဖိုလ်ကိုရရှိသွားပုံပါဘဲ။(၁၃)တဖန်

ဖေသီးပူသီ၊ ရှုနေရင်းပင် နိရောဓသမာပတ်ကို ဝင်စား၍ စိတ်ရော၊ စေတသိက်ရော၊ စိတ္တဇရုပ်များရော ချုပ်၍ သတ္တ်ပြ နေလျှင် နိရောဓသမာပတ်ကိုရရှိပုံပါဘဲ။ ၁၄)တဖန်၊ ဖေသီပူသီ ရှုရင်းပင် ကံကုန်၍ ခန္ဓာပြတ်တောက် ရုပ်နာမ်ပါ အဆက်ပြတ်သွားလျှင် ပရိနိဗ္ဗာန် ပြုပုံပါဘဲ။ ယခုပြသော (၁၄)ဌာန အဆင့်တွေကို ရရှိသွားသည်ကား သေခြင်းမှ ရလာသည် မဟုတ်ဘဲ။ အသက်မသေမှုပင် ပုထုဇဉ်ဘဝမှ အရိယာ၊ မဂ်၊ လောကုတ္တရာ၊ ပရမတ်၊ ဉာဏ်သစ္စာသို့ တက်ရသည် ဖြစ်သောကြောင့် [ဓါတ်တရား၊ ပရမတ်တရား၊ ကလာပ်တရားတွေဟာ] မသေသော တရားတွေပါဘဲ။ဝါ အသက်မသေရသေးမှီ ရသောတရားတွေပါဘဲဟုလို။

ဧကာဗီဇသောတာပန်မှာသာ၍ထင်ရှားသည်။ နောက်၌ သမင်း၏ တိုင်းနိုင်ငံပြည်နယ်မှ ကျွတ်လွတ်သွားပုံကို ဂါထာ ၂-ပုဒ်နဲ့မြတ်စွာဘုရားကဟောပြတာကို တွေ့သွားရပါလိမ့်ဦးမည်။ (အဲဒါမသေသောတရား၏ နိဒါန်းစကားပြပုံပါဘဲ။)

(၃၄) မသေဟဲ့တရားဆိုဘာ (မမှောဟ်သဘာဝေါ။) ပိဋကတ် တိကနိပါတ်အဋ္ဌကထာ မေမွလဲခေါ်ရ။ တရားလဲခေါ်ရ၊ သဘောလဲခေါ်ရသော သဘောဟာရှိနေတယ်။ ၎င်းသဘောတရားကို (တုတ်နဲ့ရိုက်ရိုက် ဒါးနဲ့ခုတ်ခုတ်၊လှံနဲ့ထိုးထိုး၊လေးနဲ့ပြစ်ပြစ်၊ မီးနဲ့ရှို့ရှို့၊ သေနတ်အမျိုးမျိုးနဲ့သတ်သတ် ဘာနဲ့ဘဲလုပ်လုပ် မသေနိုင်ပါ။ (မသေသော

သဘောတရားပါဘဲ။) သူ့ကိုက မသေလျှင် သူနဲ့နေသော လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေလဲ မသေရသော နိဗ္ဗာန်သို့ ရောက်ကြရသည်။(က)ဥပမာ ဒုတ်ငြိုးဆေးကိုက ဒုတ်ငြိုးနေပါလျှင် ဒုတ်ငြိုးဆေး ထိုးသားသော သူတွေလဲ ဒုတ်ငြိုးရှိနေတော့၏။ (ခ)ဒါးငြိုးဆေး။ (ဂ)လှံငြိုးဆေး။ (ဃ) သေနတ်ငြိုးဆေး။(င) မြောက်ငြိုးဆေး။ (စ)ဗုံးငြိုးဆေး (ဆ) မြွေငြိုးဆေးတို့၌လည်း ဥပမာနှင့် ကူစွာပင်ပြ၍ အသိဉာဏ်ပေးကြပါတော့။

(၃၅) ၆-ဝိညာဉ်၊ ၆-ဒွါရ၊ ၆-ဝတ္ထု၊ ၆-သညာစသည်ဖြင့် မသိရသော (သဘောတရား။) ဥပမာ (ဧသိ) ဆိုတဲ့ ချုပ်နာမ် ၂-ပါးကို မဂ်ဉာဏ် ၂-ပါးကို(က)လူ့မျက်စိ၊ နတ်မျက်စိ၊ ဗြဟ္မာတို့၏မျက်စိနဲ့ကြည့်လဲမမြင်ရပါ။ ရှိသားကဘဲ။ (ခ)လူ့နား၊ နတ်နား၊ ဗြဟ္မာ့နားနဲ့(ဧသိ)ကို နားထောင်လဲမကြားရပါ။ (ရှိသားကဘဲ။) (ဂ)လူ့နှာခေါင်း နတ်၏နှာခေါင်း၊ ဗြဟ္မာ၏နှာခေါင်းနဲ့ နမ်း၍ကြည့်လဲ (ဧသိ)ကို မရပါ။ ရှိနေသားကဘဲ။ (ဃ)ဧသိကို လူ၏လျှာ၊ နတ်၏လျှာ ဗြဟ္မာ၏လျှာနဲ့ လျက်၍ကြည့်သော်လဲ ဧသိ၏ အရသာကို မရကြပါ။ ရှိနေသားကဘဲ။ (င) လူ၏လက်၊ နတ်၏လက်၊ ဗြဟ္မာ၏လက်နဲ့ ဧသိကို စမ်းသပ်၍ကြည့်ပါ။ မတွေ့ရပါ။ ရှိနေသားကဘဲ။ (စ) လူ၏မနော၊ နတ်၏မနော၊ ဗြဟ္မာ၏မနောနဲ့ရှာကြည့်ပါ။ ဧသိကို မသိရပါ။ ရှိနေသားကဘဲ။ [အဲဒါလို ၆-ပါးသော ဝိညာဉ်နဲ့၊ ၆-ပါးသော ဒွါရနဲ့၊

၆-ပါးသောဝတ္ထုနှင့်၊ ၆-ပါးသော သညာနှင့် ၆-ပါးသော အာရုံနှင့်၊ ၆-ပါးသောဖဿနှင့်၊ တဏှာ၆-ပါးနှင့် ရှာဖွေပေမဲ့ (သေဝိ ရုပ်နာမ် ၂-ပါးဟာ) အတွေ့မခံပါ၊ အမြင်မခံပါ။ အသိမခံပါ။ (ရှိန်းဆယာပိုမောက်ပြီး ကိုယ်ပျောက်၍ နေကြသည်။) ၎င်းသေဝိ ၂-ပါးကို သတိ၊ သမာဓိနှင့် ရှာမှ။ ဝါ သိက္ခာသုံးပါးနှင့်ရှာပါမှ။ ဝါ၊ သာသနာသုံးရပ်နှင့်ရှာပါမှ အသိ၊ အတွေ့၊ အမြင်ခံပါတယ်။ ။တနည်း၊ သေဝိရုပ်နာမ်ကို၊ ဝိညာဉ်သိ၊ သညာသိ၊ ဒိဋ္ဌိသိ၊ ဝိတက်သိ၊ သုတမယသိ၊ စိန္တာမယသိ၆-ပါးနှင့်လဲမတွေ့မမြင်မသိကြရပါ။ ။တနည်း ဝိနည်းသိ၊သုတ္တန်သိ၊ အဘိဓမ္မာသိ၊ ပိဋကတ်သိ၊ နိကာယ်သိ၊ အင်္ဂါကိုးတန်သိ၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သိတွေနှင့်ရှာဖွေသော်လည်း။ အတွေ့မခံ၊ အမြင်မခံပါ၊ အသိမခံပါ၊ သတိ သမာဓိ ပညာနှင့်ရှာမှ အတွေ့ခံနေပါသည်။

## (၃၆) နမ္မနာမှာ(သေဝိ)ရုပ်နာမ်ကို ဘာနဲ့မှမရပါ

သေဝိရုပ်နာမ်ကို ရွှေ့မရ၊ ယူမရ၊ ပြောင်းမရ၊ သတ်မရ ဒုတ်ရိုက်မရ၊ ဒါးခုတ်မရ၊ လှန်ထိုးမရ၊ လှတိုက်မရ၊ မီးရှို့မရ၊ရေမျှောမရ၊လှင့်ပြစ်လဲမရ၊ထုချေမရ၊ မောင်းထောင်းမရ၊ ဘာနဲ့မှမရပါ။ (ပရမော၊ အဝိပရိတော၊ အတွေ့ော၊ ပရမတ္ထော ပါ။) မပေါက်မပြန်အမှန်ရှိတဲ့ တရားပါ။ဖျက်ဆီးလို့မရတဲ့တရားပါ။ ။(တနည်း) ပရမဿ၊ သဗ္ဗညုတဉာ

ဏံသ၊အတ္တေဝေါစရောတိ၊ ပဉ္စမတ္တေ့ပါ။)အလွန် မြတ်
လူ့စွာသော သဉ္ညတြာ ရွှေညာဏ်တော်ကြီး၏ အာရုံ၊ ကျက်
စားရာကြီးပါဘဲ။ (သိပ်ပြီးအားသားဂ ပါ။)

(၁၇) သေိဘာ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ ရဟန္တာကဲ့သို့
ကိလေသာတွေ ကပ်၍ပင် မရတော့ပါ။ ပရိတ်ကြီးနိဿယ
သစ်ပြကန့်မှု (နံပါတ်-၅၇၀)၌၊ ၎င်းအတိုင်း ပြသေး၏။
(ဝမ္မိကသုတ်အဖွင့်အဋ္ဌကထာ၌လည်း။ ၎င်းအတိုင်းပြသေး
၏၊)(ပုံစံကြည့်ပါ။)(က)ဧXသိ လှုတာမပေါ်၊ သေဘောမှာ
သိသဘောမှာ၊ လှုတာတွေပေါ်၊ လှုတာမပေါ်လို့ လောဘ
စသော ကိလေသာ ၅၀၀-မဖြစ်လို့ ပြိတ္တာ မကျတော့ပါ။
(ခ)သေိ မလှုတာမပေါ်။ မလှုတာမပေါ်သို့ ဒေါသ စသော
၅၀၀-မဖြစ်ပါ။ မဖြစ်လို့ ငရဲမကျရတော့ပါ။ (ဂ)ဧ မှာ
အလတ်စားလဲမပေါ်။ အလတ်စား မပေါ်လို့ မောဟစသော
ကိလေသာ ၅၀၀-လဲမပေါ်။မပေါ်သို့တိရစ္ဆာန်နှင့်အသူရကာ ပါယ်
ဘုံသို့မကျရတော့ပါ။ဤပုံစံကို နမူနာပြု၍ (သဘောတရား
များပေါ်တိုင်း၊ပေါ်တိုင်း ကိလေသာမကပ်ပုံကိုဟောပြပါ
ဥပမာတနည်းမှာလဲ သံတုံးမီးဖုတ်နီရဲနေ သံတုံးထဲမီးဝင်နေ
တော့။ ပိုးမွှားတိရစ္ဆာန်တွေဟာ သံတုံးသို့ မကပ်ဝံ့ကြပါ။
အနီးကပ်ပြီးမနေဝံ့ကြပါ။ယခုလဲ သေိ၌မဂ်ညာဏ် ဝင်နေလို့
(၁၅၀၀)မကပ်ဝံ့ပါ။

(၁၈) ဇာတိ၊ ဇရာ၊ မရဏ၊ ဗျာဓိ ကုန်ပျက် ၆-ပါးကို
ဝိပဿနာမှ နိုင်သည်။ ဝိပဿနာတရားကို အားထုတ်ကြ

သော(ကေဒီဇ) ပစ္စိမဘဝိက ပုဂ္ဂိုလ်များဟာ ယနေ့တဘဝ၌ ပင် ရဟန္တာလဲဖြစ်၊ပရိဗ္ဗာန်ကိုပြုရသဖြင့် (ဒုတိယဘဝကစ၍ ဇာတိပဋိသန္ဓေ နေရခြင်းဒုက္ခရော၊ ဇရာအိုရခြင်းဒုက္ခရော၊ မရဏသေရခြင်းဒုက္ခရော၊ဗျာဓိနာရခြင်းဒုက္ခရော၊ ကုန်ခမ်း ခြင်း ဒုက္ခရော၊ ပျက်စီးခြင်းဒုက္ခရော၊ လှန်မြောက်နိုဝ်သည် ဖြစ်၍ ဒုက္ခကြီး ၆-ပါးမှ ကျွတ်လွတ် ထွက်မြောက်ရသည်။ [ကောလာကောလ ပုဂ္ဂပုဂ္ဂိုလ်ငါးစုနှင့် သတ္တက္ခတ္တု၊ ပရမ ပုဂ္ဂိုလ်တွေမှာလဲ သူနှင့်တန်ရှိသော ၆-ပါးသော ဒုက္ခတွေကို ခံစားရ၍ ရှစ်ဘဝမှ အထက်၌။ဒုက္ခ ၆-စု၊ ကုန်ခမ်းချုပ်ငြိမ်း ကင်းဝေးမြစွာ နေကြရတော့သည်။ (ဝိပဿနာ၏သတ္တိ ပါဘဲ။)

(၃၉) ယထာပုဒ္ဓငြကံပဿေ
ယထာပဿေ မရီစိကံ
ဧဝံလောကံ အဝေက္ခန္တံ
မစ္စုရာဇာနပဿတိ။

(မသေတဲ့တရားမို့ သေမင်း၏နိုင်ငံမှ လွတ်ရပုံပြသော ဂါထာပါဘဲ။ (ယထာပုဒ္ဓငြကံ ပဿေ။) ဂါထာအရကား ရေရှိသောချောင်း,မြောင်း,ရေ,အိုင်,ရေကန် စသည်တို့၌ မိုးများရွာချသော် ရေပြင်တနေရာ၌ မိုးပေါက် ကျ၍ ရေပွက်တွေဟာ မြစ်ဒ‌ပြည့် အိုင်ဒ‌ပြည့်ပင် တွေမြင် ရတာလိုဘဲ။ခန္ဓာကိုယ်၌ ရေပွက်တွေလို ဟိုနေရာက၊ဒီနေရာ က တအိုင်လုံး၌ ရေပွက်ကဲ့သို့ တရွရွ၊တမွမွ၊တပွပွ၊လှုပ်လှုပ် ရွရွစသော အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေကို တွေ့လျှင်

သေမင်း၏ (၁၁) နိုင်ငံမှ ကျွတ်လွတ် ခဲ့ပါပြီတဲ့။ ယထာပဒေသာနုရိစိကံ။) ဂါထာအရမှာ မြစ်ကမ်းစပ် အင်းစပ်၊ အိုင်စပ်၌ နေ့ညရှိန်တွေ ခပ်တော့ တသျှပ်သျှပ်နဲ့ တရိပ်ရိပ်နဲ့ တံလျှပ်တွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တများကို တွေ့မြင်ခဲ့သော်။ ရှင်းသောပါသဲ (၁၁)နိုင်ငံသေမင်းနယ်မှ ကျွတ်လွတ်အောင် မြင်ပါမည်။

| | | |
|---|---|---|
| | သုညတောလောကံ အဝေက္ခဿု၊ | (မသေတဲ့တရား |
| (၄၀) | မောဃရာဇသဒါ သတော။ | မို့ သေမင်း၏နိုင် |
| | အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ | ငံမှ ကျွတ် လွတ် ရ |
| | ဧဝံမစ္စုတရောသိယာ၊ | ပုံ။ ချစ် သား |
| | ဧဝံလောကံအဝေက္ခန္တံ။ | မောဃ ရာဇရယ်၊ |
| | မစ္စုရာဇာနပဿတိ၊ | ဓါတ်တရားနဲ့ ဖြစ် |

ပျက်တရားကို၊ သုညဖြစ်အောင်၊ အတ္တမှ ဆိတ်သုဉ်းအောင် ဝါ၊ အနတ္တပေါ်အောင်၊ ရှုရှုနေပါလေ။ အခါခပ်သိမ်းပင် သတိတရားကြီးမားစွာဖြင့်၊ အတ္တာနုဒိဋ္ဌိကို နှုတ်ပါ။ လွှတ်ထားပါ၊ ဤနည်းဖြင့် ပြခဲ့သည့်အတိုင်း ရှုရှုနေသော် သေမင်း၏နယ်မှလွှတ်ကြောင်းသည်၊ ဤပုံရှုလေ့ရှိသော ယောဂီကို သေမင်းသည်။ မမြင်နိုင်တော့ (၁၁)ဘုံ သေမင်း၏နိုင်ငံမှ ကျွတ်ပါပြီ၊ လွတ်ပါပြီ၊ အောင်မြင်ပါပြီ။

## မသေတဲ့တရား ထိတ်တန်းတရား

(၄၁) ဝိပဿနာ၊ သ-ထ၊ သီလ၊ ဒါန — ဒါနထက်၊ သီလက ထိတ်တန်းကနေသည်။ သီလထက် သမထက ထိတ်တန်းကနေသည်။ သမထထက် ဝိပဿနာက ထိတ်တန်းက နေသည်၊ ဝိပဿနာ အားထုတ်သော ယောဂီများဟာ နိဗ္ဗာန်အဝင် လူတို့၏ ဘိတ်က၊ နတ်တို့၏ထိတ်က၊ ဗြဟ္မာတို့၏ ထိတ်ကနေရသည်။ အရိယာနဲ့နေကြရ။ မဂ်နဲ့နေကြရ။ ဖိုလ်နဲ့နေကြရ။နိဗ္ဗာန်နဲ့နေကြရသည်၊ ဤမျှမကသေးဘဲ။

(8)ပုံခံကိုကြည့်ကြပါဦး အောက်က ဝိုင်းဝိုင်းစက်စက်နဲ့ပါ၊ အထက်ကလဲ ဝိုင်းဝိုင်း-စက်စက်နဲ့ပါ။ အောက်က ဝိုင်းဝိုင်း-စက်စက်ဟာ ရုပ်အတွက် ၃၅-ဌာန၊ ၆၇-ဌာန၊ ၁၁၅-ဌာန၊ ၁၁၀၁-ကျော်ဌာန၊ ၁၉-ဌာန၊ ၁၄-ဌာန၊ ၉-ဌာနစသော စည်းစိမ် ဂုဏ်သိမ်ပါဝါတွေမှာ ပြည့်ပြည့်နက်နက် အကျိုးပေးမည်။ ဝိုင်းဝိုင်း-စက်စက်နှင့် အကျိုးပေးမည်။အပေါ်က ဝိုင်းဝိုင်း-စက်စက်မှာ နာမ်အတွက်ပါ ၃၅-ဌာန၊ ၆၇-ဌာန၊ ၁၁၅-ဌာန၊ ၁၀၀၀-ကျော်ဌာန၊ ၁၉-ဌာန၊ ၁၄-ဌာန၊ ၉-ဌာန စသော စည်းစိမ်ချမ်းသာ ချိပ်ငြိမ် ဂုဏ်ပါဝါတို့၌ ပြည့်ပြည့်-၄၀၊ မိမိ-ရရ၊ စိစိ-၄၄ ဘိတ်-ကြကြကြီး အကျိုးပေးမည်။တနည်း၊လောကီမှာရော လောကုတ္တရာမှာရော၂-ဌာန၌ အကျိုးကြီးမားစွာပေးမည်။

(၄၂) ယောစဝဿသတံဇီဝေ။ အပဿံ ဓမ္မုတ္တမံ။ ကောဟံ ဇီဝိတံသေယျော ပဿတော ဓမ္မုတ္တမံ။ — ဓမ္မပဒ ပါဠိတော်။ လူယောဂီတဦးဟာ တရက်ထဲပင်အသက်နေရသော်လည်း၊ ဓါတ်နဲ့ဖြစ်ပျက်နဲ့နေသည်၊ (က)အချို့လူတွေကား အနှစ်တရာ ကာလပတ်လုံး အသက်ရှေစွာနေကြရပေမဲ့ ဓါတ်ဖြစ်ပျက်နှင့် မရှုရပါ။ ၎င်းလူတွေထက် ပထမတရက်လူကမြတ်သည်။ (ခ)အချို့သော နတ်တွေဟာ ၉၂၁-ကုဋေနှင့် ၆-သန်းအနှစ်ပေါင်းနေကြရပေမဲ့ ဓါတ်ဖြစ်ပျက်ကိုမရှုကြပါ။၎င်းနတ်တွေထက် တရက်ရှုလူကမြတ်လှပါသည်။ (ဂ)အချို့သော ဗြဟ္မာတွေဟာ ကမ္ဘာပေါင်း(၈၄၀၀၀)နေကြရပေမဲ့ ဓါတ်ဖြစ်ပျက်ကို မရှုပါ။ ၎င်းဗြဟ္မာတွေထက် တရက်လူက မြင့်မြတ်၍နေပါသည်၊

သူအနှစ်(၁၀၀)ဓါတ်ဖြစ်ပျက်မရှုပါ။ နတ် ၉၂၁-ကုဋေ ၆-သန်း ဓါတ်မရှုပါ ဗြဟ္မာကမ္ဘာ(၈၄၀၀၀)ဓါတ်မရှုပါ။ — ၎င်းလူတွေထက် ၎င်းနတ်တွေထက် ၎င်း ဗြ ဟ္မာ တွေထက်၊ ဓါတ်ရှုသောလူက ထိတ်တန်းကြ၍ နေပါသတည်း။

(၄၃) ကမ္ဘာကျော်မဟာခေါ် ပါဝါတော် ကြီးမားချိန်ကြသော။ အာဠာရရသေ့ကြီး၊ ဥဒက ရသေ့ကြီး၊ ကာဠဒေဝီလရသေ့ကြီးဘို့ဟာ လောကီနယ်မှာဖြင့် သမထ(၄၀)အောင်မြင်ကြတယ်။ဝိဇ္ဇာရကြတယ်၊ အဘိညာဥ်ရကြတယ်။သမာပတ်၈-ပါးရကြတယ်။ ချာန်ကိုးချာန်ကိုလဲရကြ

သည်။မြေလျှိုး၊မိုးပျံ၊တန်ခိုးရှင်၊ဗြဟ္မာတွေ ပြင်ကြတော့ မည်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးရှေးက ကမ္ဘာ-၄၀ ကိုမြင်ရမည်။ အနာဂတံသဉာဏ်ဖြင့် နောက်နောင် ကမ္ဘာ လေးဆယ်ကိုမြင်ရမည်။ဤမျှလောက် ကမ္ဘာ့ထိတ်တန်းကြီး ကိုရထားပါလျက် ဓါတ်လဲမရလို့၊ဖြစ်ပျက်လဲမရလို့၊ (ဓါတ် ကိုတရက်ထဲ ရှုမိသောသူကဘဲ မြင့်မြတ်ပါသည်။)

(၄၄) ဝိပဿနာနဲ့နေလျှင် (အ) တဆဲ့နှစ်လုံးကိုရ၍ နိဗ္ဗာန်အထိ မြင့်မြင့်တက်သွားမည်။ အစိန္တေယျ၊ အပ္ပမေယျ အသင်္ချေယျ၊ အနန္တ၊ အပရိမာဏ၊ အပရိစ္ဆိန္န၊ အမြင့်ဆုံး အမြတ်ဆုံး၊ အသာဆုံး၊ အကောင်းဆုံး၊ အကြီးဆုံး၊အဘိုး အတန်းဆုံးဆိုတဲ့ (အ)တဆဲ့နှစ်ပါးချကြ၏။

(၄၅) မယ်တော်မာယာ အလောင်းဖြစ်သော ပုဆိုးမ ၏သမီး မယ်ရှာကြည့်ပါ၊ရှင်းမယ်ရှုပဆိုတာ ပုဆိုးမ၏သမီးပါ ဆင်းရဲလှ၏၊ ဟင်းချက်ခူးရောင်းရ၏။ ထင်းရောင်းစားရ၏။ ရှင်းဘာ ဒါနဆင်းရဲသားနဲ့ မနေပါ။x သီလကုန်သည်၏ သားနဲ့မနေပါ။x သမထသူဌေးသားနဲ့မနေပါ။xနေမဲ့နေ တော့ အသက် ၂၀-မျှသာ ရှိနေသော ဗါရာဏသီပြည်က ဘုရင်ကလေးနဲ့ပေါင်း၍ တောင်ညာစံဒေဝီ မဟေသီဘွဲ့ရ မိဖုရားဘဝနဲ့နေ၍ အားလုံးတို့၏ ထိတ်တန်းက အမြင့်တန်း က ပထမတန်းနဲ့နေသွားသည်။ ဒီပုံလုပ်ကြပါ။

| ဒါနတန်း | သီလတန်း | သမထတန်း | ဝိပဿနာတန်း |
|---|---|---|---|
| ကြယ်မျှ | တာရာမျှ | နက္ခတ်မျှ | နေ-လမျှ |
| ဆင်းရဲသားဘဝ | သူဌေးဘဝ | အမတ် ဘဝ | ရှင်ဘုရင်ဘဝ |

| | မူလတန်း | အလယ်တန်း | အထက်တန်း |
|---|---|---|---|
| | ရွာစားမျှ | မြို့ဝန်မျှ | အမတ်ကြီးများ |
| (၄၆) | ဒုဒ္ဒဆင်းရဲသား | ဝဿ ကုန်သည် | ဗြဟ္မဏပုဏ္ဏား |
| | ငွေရတနာ | ရွှေရတနာ | စိန်ရတနာ |
| | ကာမပြည် | ရူပပြည် | အရူပပြည် |
| | လူ့ပြည် | နတ် ၆-ပြည် | ဗြဟ္မာ ၂၀-ပြည် |
| | သလယန္တိ | စလယန္တိ | ကမ္မေန္တိ |
| | ဇင်ရုံမျှ | လှုပ်ရုံမျှ | ဍွက်ထိုး ခွက်လန် |
| | ဝါးအိမ်မျှ | ပျဉ်ထောင်အိမ်မျှ | တိုက်တာမျှ |
| | ရှောင်ကြဉ် | ခွဲခွါ ကွာပြစ် | သတ်ဖြတ် |
| | နှမ်းတလုံးမျှ | မြင့်မိုရ်-၁၁၂၄မျှ | မြင့်မိုရ် တကုဋေ |
| | နှင်းတပေါက်မျှ | မြင့်မိုရ်-၁၁၂၄မျှ | မြင့်မိုရ်တကုဋေ |

| ကောလိပ်တန်း | ဝိဒ္ဓံ သေတိ |
|---|---|
| ဘုရင်မျှ | ဗျာပနပြာချ |
| ခတ္တိယမင်းမျိုး | နန်းမသုံးဆောင် |
| ပတ္တမြားရတနာ | ပြာချရေမျော |
| လောကုတ္တရာပြည် | မြင့်မိုရ် အသင်္ချေမျှ |
| အရိယာပြည် | မြင့်မိုရ်အသင်္ချေမျှ |

(၄၇) ဝိပဿနာနဲ့ ကိလေသာနဲ့ စစ်တိုက် တိုင်းပင် ဝိပဿနာက အမြဲတမ်း နိုင်ရသည်။ ထိတ်တန်းဖြစ်သော ဝိပဿနာဟာ ကိလေသာ(၁၅၀၀)တို့နဲ့ မတိုက်ဘဲ နေလို့သာ တိုက်လျှင် တိုက်တိုင်းပင်အနိုင်ရသည်။ မြွေ၊ ဖား၊ နွားဆင်မြင်းကျေးသား၊မျောက်၊ငှက်၊ကြက်မ၊လင်းနို့သား ၅၀၀၊ ဇမ္ဗူ လင်းနို့သားငါးရာ၊ သိဟိုဠ်ခိုးသား- ၉၀၀၊ ခိုးသား-၇၀၀၊ ခိုးသား ၅၀၀၊ အင်္ဂုလိမာလ၊ တံငါအရိယ ပဉ္စတပုဆိုး၊ကုဏ္ဍလကေသီမိဘတ္တပုဆိုး၊ရွှေပန်း ၃-ခိုင်ရပုဆိုး၊တမ္ဗဒါဌိကလူသတ်မှူးကြီး၊[အာဠာဝက၊ သုစိလောမ၊ ခရလောမ သာတာဂိရိ၊ ဟေမဝတာရ၊ကာဠနဂယက္ခိနီ၊မဟိယင်္ဂဏာဘီလူးများစွာ စေတီပါလဘီလူး၊ ရွှေစက်တော်ဘီလူး မုတ္တမဘီလူး (၁၀၈) စစ်ကိုင်းဘီလူး (၇၀၀)မန္တလေးတောင် ဘီလူးမ တန့်ကြည့်တောင် ဘီလူးစသော လူကျန်းဘီလူးကျန်းတွေ တောင် ဝိပဿနာနဲ့ ၁၅၀၀-ကိလေသာကို တိုက်တိုင်းနိုင်ကြ ရသည်။

(၄၈) (ဣဒံကမ္မံ၊ ကမ္မက္ခယာယ သံဝတ္တတိ။) စတုက အင်္ဂုတ္တိုရ် ပါဠိတော်။ ။ဤဝိပဿနာ ပရမတ် ကံသည်။ အကုသိုလ်ကံရော၊ ကာမာဝစရ ကုသိုလ်ကံရော၊ ရူပါဝစရ ကုသိုလ်ကံရော၊အရူပါဝစရကုသိုလ်ကံရော၊ သတ်ဖြတ်၍ပြာချ ရောမျှော မမြင်ရအောင်ပြု၍ ဖြစ်နိုင်သည်။

(၄၉) (အကဏှအသုက္ကံ၊အကဏှအသုက္ကဝိပါကံ၊ကမ္မံ ကမ္မက္ခယာယသံဝတ္တတိ၊သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါ

စာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော သမ္မာသတိ၊သမ္မာသမာဓိ တိ။)စတုက အင်္ဂုတ္တိုရ်ပါဠိတော် မဂ္ဂင်ရှစ်ပါးဆိုတဲ့ ဝိပဿနာကံဟာ အကဏှ အသုက္က၊ အကဏှ အသုက္က ဝိပါက ကံမည်သည်။ ၎င်းဝိပဿနာ ကံမျိုးဟာ အကုသိုလ်ကံတွေကိုရော၊ကာမာဝစရကုသိုလ်ကံတွေကိုရော ရူပါဝစရကုသိုလ်ကံတွေကိုရော။ အရူပါဝစရကုသိုလ်ကံတွေကိုရော။ကုန်ခမ်းချုပ်ငြိမ်းကင်းပျောက်စေသည်။ (တဘဝနဲ့ နိဗ္ဗာန်(လ)၇-ဘဝနဲ့နိဗ္ဗာန်အထိ အကျိုးပေးပုံကို ညွှန်ကြား ပါလေ။

(၅၀) [ပါပကော၊ အကုသလော၊ ခမ္မေ၊ သလယန္တိ စလယန္တိ၊ကမ္မေန္တိ၊ဝိဒ္ဓံသေန္တီတိ၊ကုသလာနိ။] ဋီကာကျော် ပါပကော၊ ယုတ်မာဆိုးဝါးကုန်သော။ အကုသလော၊ ဒ ကု သိုလ်ဖြစ်ကုန်သော။ ခမ္မေ၊ တရားတို့ကို၊ သလယန္တိ ကာမာဝစရကုသိုလ်ကံဖြင့်။ ထိပါးကုန်၏၊ စလယန္တိ၊ ရူပါဝစရကုသိုလ်ကံဖြင့် လှုပ်ရှားစေကုန်၏၊ ကမ္မေန္တိ၊ အရူပါဝစရကုသိုလ်ကံဖြင့်။ ခွက်ထိုးခွာလန် ယိမ်းယိုင်လဲကြစေကုန်၏။ ဝိဒ္ဓံသေန္တိ၊ ဝိပဿနာမဂ်ကံဖြင့် ပျက်စီးပြုံးတီးစေကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကုသလာနိ၊ အဆင့်ဆင့်ကုသိုလ်ကံလေးမျိုးတို့ မည်ကြကုန်၏၊ ဤသို့၊ ဝိပဿနာ ကံဟာ လောကီနယ် ၃၁-ဘုံရှိကံတွေ၏။ ဘုရင့်-ဘုရင်ဖြစ်နေပုံကို ပြသည်။

(၅၁) နိဗ္ဗာန်အထိ စိတ်ချ လက်ချနှင့်တတန်းထဲ တက်

တက်သွားသောကံမှာ ဝိပဿနာကံ မဂ်ကံပါဘဲ။X နိဗ္ဗာန် အထိကြာကြာမခံဘဲ။ စိတ်မချရသော ကံများကား အကုသိုလ်ကံတွေ၊ ကာမာဝစရကုသိုလ်ကံတွေ၊ ရူပါဝစရကုသိုလ်ကံတွေ၊ အရူပါဝစရကုသိုလ်ကံတွေ ဆိုတဲ့ လောကီကံတွေပါဘဲ။ ၎င်းဘို့ဟာ ဒိဋ္ဌိ၊ ဝိစိချုပ်သွားလျှင် ၎င်းကံများပါ။ ချုပ်သွားရသည်။ (ကာမ၊ ရူပ၊ အရူပကံများတောင်မှ(၇) ဘဝသာ အကျိုးပေးခွင့် ရရှိကြသည်။ ရှစ်ဘဝကစ၍ ကပ်ကမ္ဘာကံတွေပြေကျ အဟောသိကံ၊ ဖြစ်ရသည်။

## (၅၂) ၃၁-ဘုံမှာ တရားတခုထဲရှိတယ်

ဒုက္ခမေဝဟိ၊ သမ္ဘောတိ
ဒုက္ခံ တိဋ္ဌတိ ဝေတိစ
နညတြဒုက္ခာ သမ္ဘောတိ
နညံဒုက္ခာနိရုဇ္ဈတိ။

ဤဂါထာကား သဂါထာဝဂ္ဂ သံယုတ် ဘိက္ခုနီသံယုတ်၊ ဝဇိရာသုတ်တော် နံပါတ်-၁၃၇ ပါရှိသည်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ဧကတိံသဘဝေ၊၃၁-ဘုံ၌။ ဟိ၊ ဧကန္တေန၊စင်စစ်အားဖြင့်။ ဒုက္ခမေဝ၊ ဒုက္ခဆင်းရဲခြင်း သဘောတမျိုးထဲ သာလျှင်။ သမ္ဘောတိ၊ဖြစ်၍နေတော့၏။ဒုက္ခံ၊ဆင်းရဲခြင်း ဒုက္ခသဘောသည်။ တိဋ္ဌတိ၊ ဥပါဒ်အားဖြင့်တည်၍လဲနေခဲ့၏။ ဝေတိစ၊ ပျက်စီး၍လဲနေခဲ့၏။ ဒုက္ခာ၊ ဒုက္ခကို။ အညတြ၊ ကြဉ်ထား၍ န သမ္ဘောတိ၊ ဖြစ်ရိုးသဲမရှိပါ။ ဒုက္ခာ ဒုက္ခမှ။ အညံ၊ တပါးသည်။ နနိရုဇ္ဈတိ၊ ချုပ်ထာလဲမရှိပါ။ ၃၁-ဘုံမှာ ရှိရှိသမျှ သတ္တဝါတွေရော၊ ရှိရှိသမျှ ကုသိုလ်-အကုသိုလ်၊ ဝိပါက်

ကြိယာတွေရော အားလုံးဟာ သင်္ခါရဒုက္ခ တမျိုးထဲသာ ရှိသည်။ မြတ်စွာဘုရားသခင်ကပင် (သဗ္ဗေသင်္ခါရာဒုက္ခာဟု ဟောထား)ခဲ့သည်မဟုတ်ပါလော။ ၃၁-ဘုံမှာရှိတဲ့တရားနဲ့ စီစစ်ကြည့်တော့လဲ စိတ်တရား့နှစ်ဆဲ့တပါးလဲ ဒုက္ခချည်းပါဘဲ။စေတသိက် ၅၂-ပါးလဲ ဒုက္ခချည်းပါဘဲ။ရုပ် ၂၈-ပါးလဲ ဒုက္ခချည်းပါဘဲ။ အားလုံး ဒုက္ခသဘောမို့ တနုထဲရှိတယ်။

[ရှိတာက ဒုက္ခတမျိုးထဲ။] [မရှိတာက သုခ သောမနဿတွေပါ။]ရှိတဲ့ဒုက္ခတွေကို မရှိတဲ့သုခတွေ လုပ်ထားကြလို့ ငရဲလူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကို တရားတော်က (၃၁)ဘုံထောင်ကြီးထဲ၌ အကျဉ်းချထားသည်။ ဒုက္ခဆိုတာ (ဥဒယ၊ ဝယ ပဋိပီဠနဋ္ဌေနဒုက္ခာ။) အဋ္ဌကထာ ၃၁-ဘုံမှာ သတ္တဝါကိုရော၊တရားကိုရော။ဥဒယ အဖြစ်နှင့်။ဝယ၊အပျက်ကအမြဲတမ်း နှိပ်စက်ခြင်းကို ခံစားနေရလို့ ဒုက္ခဟုခေါ်ရသည်။ ဥပမာ၊ လူကို ရောဂါဝေဒနာ ၉၆-ပါး ကပ်တော့ အလူးအလဲခံရသည်။ရောဂါပြင်းထန်တော့ သေဆုံးရသည်။ အဲဒါထက် ဒုက္ခကို (သုခ) ထင်တာက ပို၍ ဆိုးဝါးသည်။ ဒုက္ခကို သုခလုပ်တော့(လူ,နတ်,ဗြဟ္မာတို့၏ ခေါင်းပေါ်မှာ ထားရသော တရားတော်မြတ်ကို ဖျက်ဆီး နှိပ်စက်သဖြင့် တရားတော်က ဒဏ်ခပ်သည်။ မဂ်သေရ၊ ဖိုလ်သေရ၊ နိဗ္ဗာန်သေရသည်။ မဂ်ဖိုလ်နိဗ္ဗာန်ရမည့်ဘဝပေမဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုမရတော့ဘဲ။ဆုံးရှုံးရသည်။ အဲဒါဒုက္ခကိုသုခလုပ်မိလို့ပါ တသံသရာလုံးလဲ ဒီလိုလုပ်ခဲ့မိလို့ တသံသရာလုံး မဂ်,ဖိုလ်,

နိဗ္ဗာန်ကိုမရကြဘဲ။ ၃၁-ဘုံ ထောင်ကြီးထဲမှာ အကျဉ်းခံရနေကြရသည်။

ဥပမာ ဒါန၊သီလ၊ သမထဆိုတဲ့ မိဘက ရုပ်နာမ်၂-ပါးကို ဒုက္ခနဲ့အိမ်ထောင်ချပေးသည်။ ၎င်းရုပ်နာမ်သည်၊ ဒုက္ခမှန်းသိ၍နေလျှင် (ဒုက္ခစကြာရတနာကိုရ၍ ဓမ္မစကြာမင်းကြီးဖြစ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့ ဒုက္ခစကြာရတနာကို စီးနင်း၍သွားကြရသည်။သာဓကမှာ ၂၄-သခင်ျ၊ ကုဋေ-၆၀၊ ဗိုလ်ခြေတသိန်းတို့ နိဗ္ဗာန်ရောက်ကြတာ ယုတ္တိပါဘဲ။ယုတ္တိတမျိုးကား (နိဗ္ဗာနပ္ပူရံပါပေသိ၊ ယာနတ္တယေန သောဇိနော၊) ဇယမင်္ဂလာပါဠိ။သောဇိနော၊ထိုမြတ်စွာဘုရားသခင်သည်။ သတ္တော၊လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့ကို။ ယာနတ္တယေန၊အနိစ္စစကြာယာဉ်။ ဒုက္ခစကြာယာဉ်၊ အနတ္တစကြာယာဉ် ၃-ပါးဖြင့်၊ နိဗ္ဗာနပ္ပူရံ၊ နိဗ္ဗာန်ပြည်ကြီးသို့၊ ပါပေသိ၊ ရောက်စေတော်မူခဲ့ လေပြီတကား။ ။ဥပမာ၊ လူ, နတ်, ဗြဟ္မာတွေဒုက္ခရောက်ကြရပုံမှာ ဒါန၊ သီလ၊ သမထဆိုတဲ့ မိဘကရုပ်နာမ် ၂-ပါးကို။ဒုက္ခနဲ့အိမ်ထောင်ချ၍ပေးသည်။ ၎င်းရုပ်နာမ်ဟာ ဒုက္ခလင်ယောကျ်ားနဲ့မနေဘဲ။ (သုခ) လင်ငယ်နောက်သို့လိုက်သွားမိတော့ ၃၁-ဘုံထောင်ထဲ၌ အကျဉ်းခံရသည်၊ (အမှားတော်ပုံပြချက် ပထမပြီး၏။)

(၅၃) ၃၁-ဘုံမှာရှိရှိသမျှ သတ္တဝါတွေရော၊ ရှိရှိသမျှကုသိုလ်၊ အကုသိုလ်၊ ဝိပါတ်၊ ကြိယာတရားတွေရော၊ အားလုံးဟာ သင်္ခါရအနိစ္စ တမျိုးထဲသာ ရှိသည်။မြတ်စွာဘုရား

သခင်ကောင် (သဘ္ဘေသင်္ခါရာ အနိစ္စာ)ဟု၊ ဟောခဲ့ပါသည် မဟုတ်ပါလော။ ။၃၁-ဘုံမှာရှိတဲ့တရားနဲ့စိစစ်၍ ကြည့် တော့ စိတ်(၁၂၁)ပါးလဲအနိစ္စဘဲ။ စေတသိက် ၅၂-ပါးလဲ အနိစ္စဘဲ။ ရုပ် ၂၈-ပါးလဲ အနိစ္စဘဲ၊ အားလုံးဟာ အနိစ္စ သဘောမို့ အနိစ္စတမျိုးထဲသာ ရှိ၍နေပါတယ်။ [ရှိတာက အနိစ္စတမျိုးထဲ။] [မရှိတာက နိစ္စအမှားဆုံးတွေပါ။] ရှိ တဲ့အနိစ္စကို မရှိတဲ့နိစ္စတွေလုပ်ထားကြလို့ရင်းလူ့နတ်ဗြဟ္မာ တွေကို တရားဘော်က ၃၁-ဘုံ ထောင်ကြီးထဲ၌ အကျဉ်းချ ထားသည်။ (အနိစ္စဆိုတာ) ဟုတ္တာအဘာ၀ဌေနအနိစ္စာ။ အဌကထါ ၃၁-ဘုံမှာသတ္တ၀ါတွေကိုရော၊တရားတွေကိုရော ဖြစ်အနိစ္စ၊ပျက်အနိစ္စက နှိပ်စက်၍သာနေသည်။ (ဥတု၊ စတု သမုဋ္ဌာနိကရုပ ါနံ၊ ပဋိတ္တိယာဓ၊ဝိနသဿစ ပဝေယော။) တဲ့။ ဝိသုဒ္ဓိမဂ်ကပြထားသည်။ဥတုဆိုတဲ့ တေဇော ဓါတ်ဟာ ကံ ကြောင့်၊စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့် ဖြစ် ကြသောတရားအားလုံးတို့၏ဖြစ်ခြင်းအနိစ္စ၊ပျက်ခြင်းအနိစ္စ ၂-ပါး၏အကြောင်းသာဖြစ်သည်တဲ့(တေဇောမီးလောင်၍ ပျက်စီးတာဘဲဟုဆိုလိုသည်။) ဥပမာလူကို ရောဂါဝေဒနာ ၉၆-ပါးကကပ်တော့ အလူးအလဲခံရသည်။ ရောဂါကပြင်း ထန်တော့ သေဆုံးရသည်။ အဲဒါထက် အနိစ္စကို နိစ္စဟု ထင်တာက ပိုမို၍ ဆိုးပါသည်။ အနိစ္စကို နိစ္စလုပ်ထား တော့။ လူ့နတ်ဗြဟ္မာတွေ၏ ခေါင်းပေါ်မှာ တင်ထားရ သော တရားဘော် မြတ်ကြီးကို။ ဖျက်ဆီး နှိပ်စက်သဖြင့်

တရားတော်ကဒဏ်ခပ်သည်။ မဂ်သောရ၊ ဖိုလ်သောရ၊ နိဗ္ဗာန်သောရသည်။မဂ်,ဖိုလ်,နိဗ္ဗာန်ရမည့်ဘဝပေမဲ့ မဂ်ဖိုလ်နဲ့ဗ္ဗာန်ကိုမရတော့ဘဲ။ဆုံးရှုံးနစ်နာခံရသည်။ အဲဒါ။ဇ-နိစ္စကို၊နိစ္စလုပ်မိလို့ တသံသရာလုံး ဒုက္ခရောက်ခဲ့ရသည်။ တသံသရာလုံးလဲ အနိစ္စကို နိစ္စဟုလုပ်လာမိခဲ့သည်။ တသံသရာလုံး မဂ်ဖိုလ်မရဘဲ။၃၁-ဘုံထောင်၌ အကျဉ်းခံကြရသည်။ ။ဥပမာ၊ဒါနသီလ၊ သမထ၊ မိဘာက ရုပ်နာမ်ကို ဇ-နိစ္စနှင့် အိမ်ထောင်ချပေးသည်။ရင်းရုပ်နာမ်ဟာ အနိစ္စနဲ့သိရှိနေပါလျှင် (အနိစ္စကြာရတနာကြီးကိုရ၍ ဓမ္မစကြာမင်းကြီး ဖြစ်ပြီးတော့။ ရင်းအနိစ္စစကြာရတနာကိုစီးနင်း၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ကြရသည့်။ သာဓကမှာ ၂၄-သင်္ချေ၊ ကုဋေ(၆၀)ငိုလ်ခြေတသိန်းတို့နိဗ္ဗာန်ရောက်ကြတာကို သတိပြုကြပါ။ သာဓကတမျိုးမှာ(နိဗ္ဗာနပူရံပါပေသိယာနတ္တယေနသောဇနော။) ဇယမင်္ဂလာပါဠိ။ သောဇနော၊ ထိုမြတ်စွာဘုရားသည်။ သတ္တော၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့ကို။ယာနတ္တယေန၊ဇ-နိစ္စစကြာယာဉ်၊ ဒုက္ခစကြာယာဉ်၊ အနတ္တစကြာယာဉ် သုံးပါးဖြင့်။ နိဗ္ဗာနပူရံ၊ နိဗ္ဗာန်ပြည်ကြီးသို့။ ပါပေသိ၊ရောက်တော်မူစေခဲ့ပြီတကား။ ။ဥပမာ၊လူနတ်ဗြဟ္မာတွေဒုက္ခရောက်ကြပုံမှာ ဒါန၊ သီလ၊ သမထဆိုတဲ့ မိဘာက ရုပ်နာမ် ၂-ပါးကို။ အနိစ္စနဲ့ အိမ်ထောင်ချ၍ ပေးသည်။ ရင်းရုပ်နာမ်ဟာ အနိစ္စလင်ယောကျ်ားနဲ့မနေဘဲ။နိစ္စဆိုတဲ့ လင်ငယ်ဇာ်နောက်သို့လိုက်သွားမိတော့ ၃၁-ဘုံထောင်ထဲ၌ အကျဉ်းချခြင်းကို

ခံစားနေကြရသည်။တသံသရာလုံး နိစ္စလင်ငယ်နဲ့နေမိကြလို့ မဂ်ဖိုလ် နိဗ္ဗာန်ကို မရသေးဘဲ။ မဂ်ဖိုလ်နိဗ္ဗာန်မှ နှစ်နာဆုံးရှုံးခံရသည်။ (ဒုတိယအမှားတော်ပုံပြီး၏။)

(၅၄) ၃၁-ဘုံမှာရှိရှိသမျှသော သတ္တဝါတွေရော ရှိရှိသမျှ ကုသိုလ်၊ အကုသိုလ်၊ဝိပါက်၊ကြိယာတွေအားလုံးဟာ သဗ္ဗေဓမ္မာ အနတ္တတမျိုးသာရှိပါတယ်။မြတ်စွာဘုရားသခင်ကပင်(သဗ္ဗေဓမ္မာအနတ္တာ)ဟုဟောခဲ့သည်မဟုတ်ပါလော့ ၃၁-ဘုံမှာ ရှိသမျှကို စီစစ်ကြည့်တော့ စိတ်(၁၂၁)ပါးလဲ အနတ္တပါ။စေတသိက် ၅၂-ပါးလဲအနတ္တပါ။ရုပ် ၂၈-ပါးလဲ အနတ္တပါဘဲ။အနတ္တအစိုးမရတဲ့သဘော၊ငါမပိုင်တဲ့သဘော မျှသာရှိ၍ နေပါတယ်။ [ရှိတာက အနတ္တ တမျိုးထဲပါ။] [မရှိတာက အတ္တအမှားဆုံးပါဘဲ။]ရှိတဲ့ အနတ္တကို မရှိတဲ့ အတ္တဟုလုပ်မိကြလို့ ငင်းလူ နတ် ဗြဟ္မာတွေကို တရားတော်က ၃၁-ဘုံထောင်ကြီးထဲ၌ ချထားပြီး နှိပ်စက်ထားတယ်။ အနတ္တဆိုဘာ(အဝသဝတ္တနဋ္ဌေန အနတ္တာ။)တဲ့။အဋ္ဌကထာက၊ မိမိအလိုဆန္ဒသို့ မလိုက်ဘဲ။ သူ့ဘာသာ၊ သူ့သဘောနဲ့ ဖြစ်ဖြစ်နေလို့ အနတ္တဟုခေါ်ရပါတယ်။ ။ဥပမာ၊ အမြဲမရှိတာကို။ အမြဲရှိအောင် ပြုလဲမရလို့ အနတ္တဖြစ်ရတယ်။ ဒုက္ခကို သုခလုပ်လို့ မရသောကြောင့် အနတ္တခေါ်ရသည်။ ဥပမာလူကိုရောဂါဝေဒနာ ၉၆-ပါးကကပ်၍နှိပ်စက်တော့ အလူးအလဲ ခံရသည်။ ရောဂါက ပြင်းထန်တော့ သေဆုံးရ

သည်။အဲဒါထက်အနုတ္တကိုအတ္တလုပ်မိတာကပိုမို၍ဆိုးဝါးပါ သည်။အနုတ္တကိုအတ္တဟု လုပ်ထားတော့ လူနတ်ဗြဟ္မာတို့၏ ဥက္ကောဋ္ဌိုးပေါ်မှာ တင်ထားရသော တရားတော်မြတ်ကြီး ကိုဖျက်ဆီးနှိပ်စက်ညှင်းပန်းတော့ တရားတော်က ဒါဏ်ခပ် သည်။ မဂ်သေရ၊ ဖိုလ်သေရ၊ နိဗ္ဗာန်သေရသည်။ မဂ်ဖိုလ် ရ မည့်ဘဝပေမဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို မရတော့ဘဲ။ဆုံးရှုံးနစ်နာခံ ရသည်။အနုတ္တကိုအတ္တဟုလုပ်၍လာခဲ့တာဟာလဲ တသံသရာ လုံးပါဘဲ။ တသံသရာလုံး ၃၁-ဘုံထောင်ထဲ၌ ဒ ကျဉ်းခံနေ ကြရတယ်။

ဥပမာ၊ ဒါန၊ သီလ၊ သမထမိဘာက ရုပ်နာမ် တွေကို အနုတ္တနှင့်အိမ်ထောင်ချထားသည်။ရင်းရုပ်နာမ်ဟာ အနုတ္တ နှင့်သိ၍နေပါလျှင် (အနုတ္တ စကြာရတနာကိုရ၍ အနုတ္တ စကြာမင်းကြီးဖြစ်၍ အနုတ္တစကြာရတနာကို စီးနင်း၍ မဂ် ဖိုလ်နိဗ္ဗာန်ကိုရကြမည်။ သာကေမှာ ၂၄-သင်္ချေ ကုဋေ-၆၀ ဗိုလ်ခြေတသိန်းတို့နိဗ္ဗာန်ကိုရကြတယ်မဟုတ်လား။သာကေ တမျိုးမှာ(နိဗ္ဗာနပူရံပါပေသိ ယါနုတ္တယေနသောဇိနော။) ဇယမင်္ဂလာပါဠိ။ သောဇိနော၊ ထိုမြတ်စွာ ဘုရားသည်။ သတ္တေ၊လူနတ်ဗြဟ္မာသတ္တဝါတို့ကို။ ယာနုတ္တယေန၊ အနိစ္စ စကြာယာဉ်၊ ဒုက္ခစကြာယာဉ်၊ အနုတ္တစကြာယာဉ် ၃-ပါး ဖြင့်။ နိဗ္ဗာနပူရံ၊ နိဗ္ဗာန်ပြည်ကြီးသို့။ ပါပေသိ၊ ရောက်စေ တော်မူခဲ့ပါပေပြီတကား။

ဥပမာ၊ ဒါန၊ သီလ၊ သမထမိဘက ရုပ်နာမ် ၂-ပါးကို အနတ္တနဲ့အိမ်ထောင်ချ၍ပေးသည်။ ၎င်းရုပ်နာမ်၂-ပါးဟာ အနတ္တလင်ယောကျ်ားနဲ့မနေဘဲ (အတ္တဆိုတဲ့) လင်ငယ်၏ နောက်သို့လိုက်ပြေးမိတော့ ၃၁-ဘုံထောင်ကြီးထဲ၌အကျဉ်း ချခြင်းကိုခံနေရသည်။တသံသရာလုံးအတ္တလင်ငယ်နဲ့နေမိသို့ မဂ်ဖိုလ် နိဗ္ဗာန်ကိုမရဘဲ၊ နှစ်နာခံနေရကြသည်။ (တတိယ အမှားတော်ပုံ ပြချက်ကားပြီး၏။)

(၅၅) ၁-၂-၃ တုန်းက ပြခဲ့သည့်အတိုင်း ၃၁-ဘုံမှာ ရော၊ စိတ်စေတသိက်၊ ရုပ်တွေမှာရော၊ အနိစ္စတမျိုးသာရှိ၍ နိစ္စလုံးဝမရှိပါ။x ဒုက္ခတမျိုးသာရှိ၍ သုခလုံးဝမရှိပါ။x အနတ္တတမျိုးသာရှိ၍ အတ္တလုံးဝမရှိပါ။ (ရှိတာနဲ့နေကြပါ လျှင်၊ကေန် မဂ်ဖိုလ် နိဗ္ဗာန်ရမှာပါဘဲ။ငါတို့ဟာ ဓမ္မကြော မင်းကြီး၏ သားတော်-သမီးတော်တွေပါ။ ဓမ္မကြောမင်း တရားကြီး၏ သားတော်-သမီးတော်တွေဖြစ်၍လဲ (ဘုန်းကံ အလျောက်စကြာရောက်။) ဇကားပုံကဲ့သို့။ ဒါနက သီလက သမဆကဘရက်လျှင်(ပကောဠိပေါင်း(ဂ၆၄ ကြိမ်လောက် အနိစ္စစကြာယာဉ်၊ ဒုက္ခစကြာယာဉ်၊ အနတ္တစကြာယာဉ် တွေကို ပေးပေးနေပါတော့သည်။

အနိစ္စစကြာယာဉ်ကိုစီးပြီး.... နိဗ္ဗာန်သို့သွားကြရမဲ့ပါ။
ဒုက္ခစကြာယာဉ်ကိုစီးပြီး.... နိဗ္ဗာန်သို့သွားကြရမဲ့ပါ။
အနတ္တစကြာယာဉ်ကိုစီးပြီး.... နိဗ္ဗာန်သို့သွားကြရမဲ့ပါ။

လူ့နတ်ဗြဟ္မာတွေဟာ ဘုရားပွင့်တုန်းမှာ စကြာယာဉ်

၃-မျိုးကို အဆက်မပြတ်ပေးပေးနေပေမဲ့ တဦးမှမယူကြဘဲ (နိစ္စဒိဋ္ဌိအမှား၊ သုခဒိဋ္ဌိအမှား၊ အတ္တဒိဋ္ဌိအမှားတွေကိုယူ၍ သာနေကြသည်။ဥပမာပြရပါမူ။) သါဝတ္ထိပြည်တော်ကြီးက သူဌေးသမီး ပဋာစာရီဟာ မိဘများကပေးတဲ့ သူဌေးသား များကိုတော့ သူကမယူပါ။မိဘကမပေးသော ကျွန်ကလေး မောင်ဒါသကိုယူပြီးပြေးသဖြင့် ဒုက္ခတွေအမျိုးမျိုးနဲ့အရှူးမ ဖြစ်၍ အရှက်ကွဲခဲ့ရတယ် မဟုတ်ပါလား။ ။ရှင်းပြင် သီဟိုဠ်ကျွန်း ရှင်ဘုရင်ကြီး ဒုဋ္ဌဂါမဏိမင်း၏ သားတော် ဖြစ်သော။သာလိကုမာရ မင်းသားဟာ ခမည်းတော် မယ် တော်ကပေးသော မင်းသမီးများကိုတော့ သူကမယူပါ။ မိဘ ကမပေးသော စဏ္ဍာလ၏သမီး အသောကမလာဒေဝီကို ယူ ပြီးနေလို့ ထီးလဲမရ၊နန်းလဲမရ၊ငွေနန်းလဲမရ၊ နစ်နာဆုံးရှုံး ရသည်။

(၃၆) ၁၁-ဘုံ၌ ရှိရှိသမျှ ဘာဘဲဖြစ်ဖြစ် အနိစ္စ၊ ဒုက္ခ အနတ္တ ယာဉ်စကြာဘဲရှိ၍နေပါတယ်။ လူ,နတ်,ဗြဟ္မာရော စိတ် စေတသိက် ရုပ်တွေရော (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ယာဉ် စကြာတွေပါဘဲ။(က) (သီတေနာပိရုပ္ပတိ။) ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကိုကြည့်ကြပါ။သီတဓါတ်၊ တေဇော ရုပ္ပတိ၊ဖြစ် ပျက်ဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စကြာယာဉ် ၃-ပါးပါဘဲ။ (ခ)ပထဝီဓါတ်ခေါ်ရာဟုလ အနိစ္စတော။ အနိစ္စစကြာ ယာဉ်စီး၍ နိဗ္ဗာန်သွား၊ပထဝီဓါတ်ခေါ်ရာဟုလ ဒုက္ခတော ဒုက္ခယာဉ်စကြာစီး၍နိဗ္ဗာန်သွား။ ပထဝီဓါတ်ခေါ်ရာဟုလ

အနတ္တ။ အနတ္တစကြာယာဉ်စီး၍နိဗ္ဗာန်သွား။ ဤမျှလောက် လွယ်လွယ်-ကူကူနှင့် နိဗ္ဗာန်သို့ပို့ပို့နေပါတယ်။ (ဘာပြုလို့ မသွားသလဲ။)

(ဂ)
ဓါတ်ကိုလှလှ ရှုနိုင်မှ အနတ္တအစစ်သာ
အနတ္တအစစ် တွေ့တုံလစ် စင်စစ်ဒိဋ္ဌိကွာ
ဒိဋ္ဌိကပ်ကွာ နေသောခါ သောတာပန္နသာ
သောတာပန္နဖြစ်လေက မကျအပါယ်ရွာ။

ဓါတ်အားလုံးဟာ အနတ္တတွေပါဘဲ။ ဓါတ်တွေ့ဒိဋ္ဌိတွေကွာပါပြီ။ ဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်၍၊ အပါယ်မကျရပြီ။

(ဃ) ဓါတ်မှာကပ်ဘဲ့ အနတ္တသာ ချိန်ခါမအား ရှုပွါးလေပါ။ ငါတို့ဘုရားချစ်သားကိုမှာ ဓါတ်တွေ့က မှတ်ကြအနတ္တာ၊ ဓါတ်တွေ့က မှတ်ကြဒိဋ္ဌိကွာ။ (ဂါထာ။)

(င) အနတ္တမှ ဗုဒ္ဓသာသနာ သာသနာပ မလုပ်ကြရာ အကယ်၍ကား လုပ်ငြားမိရှာ၊ ဒေဝီလကြည့်ကြ ဤပမာ။ ဒေဝီလ ရောက်ချရပ်ဖြစ်ရှာ။ (မြန်မာဂါထာ။)

## (၅၇) လူပြိန်းတွေနားလယ်အောင်ရှင်းသော်

၃၁-ဘုံမှာရှိရှိသမျှတွေဟာ | နိဗ္ဗာန်လောကုတ္တရာမှာတော့
သင်္ခတဓါတ်တမျိုးသာရှိ၏ | အသင်္ခတဓါတ်တမျိုးသာရှိ၏

(စ) [သင်္ခတဓါတုစ၊ အသင်္ခတဓါတုစ။] ဒုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ။

၃၁-ဘုံမှာရှိရှိသချွတွေဟာ | နိဗ္ဗာန်လောကုတ္တရာမှာတော့
သင်္ခတာဓမ္မာချည်းဘဲ။ | အသင်္ခတာ ဓမ္မာချည်းဘဲ။

(ဆ) [သင်္ခတာဓမ္မာ အသင်္ခတာဓမ္မာ။] ဓမ္မသင်္ဂဏီ ပါဠိတော် ဒုကမာတိကာမှ။

(ဇ) တနည်း၊ တိကအင်္ဂုတ္တိုရ်ပါဠိတော်အရမှာ စူဠ လောကဓါတ်၊ မဇ္ဈိမလောကဓါတ်၊ မဟာလောကဓါတ် အနန္တလောကဓါတ်ကြီးဟူ၍ ၄-မျိုးခွဲထားပေမဲ့။(လောက ဓါတ်)ပါဘဲ။ လောကဖြစ်ပျက်ပါ။x ဓါတ်ဆောင်ပို့တာ ပါတဲ့။ဖြစ်ပျက်တွေလျှင် ဓါတ်ကနိဗ္ဗာန်သို့ ဆောင်ပို့မှာပါ ဘဲတဲ့၊ (တနည်း) ဓါတ်ကိုရှုလျှင် လောက ၃-ပါးမှ ထွက် မြောက်မည်တဲ့။ (တနည်း)လောကသုံးပါးမှ ကျွတ်လွတ် သွက်မြောက်ချင်လျှင် ဓါတ်ကိုသာ မြဲမြဲ-စွဲစွဲ၊ သဲသဲ-မဲမဲ ရှုကြပါတော့တဲ့။

| (၅၂) | စိတ် | စေတသိက် | ရုပ် | နိဗ္ဗာန် |
|---|---|---|---|---|
| | ၁၂၁ | ၅၂ | ၂၈ | ၂ |
| | ဓါတ် | | | |

စိတ် ၁၂၁-ပါး ဓါတ်ထဲ ထည့်ကြပါ။စေတသိက် ၅၂ ပါး ဓါတ်ထဲ ထည့်ကြပါ၊ ရုပ် ၂၈-ပါး။ ဓါတ်ထဲထည့်ကြပါ။ နိဗ္ဗာန် ၂-ပါး ဓါတ်ထဲထည့်ကြပါ။ ဒါ့ကြောင့် ဓါတ်တမျိုးထဲသာရှိ၍နေ ပါတယ်။[မြေ၊ရေ လေ၊မီး၊ဓါတ်ကြီးလေးထွေ တလောက ..း အုပ်ဖုံးကာနေ ပရမတ်အစစ် ဓါတ်နှစ်ရှာဖွေ နာမ်နဲ့ရုပ် ဖေါ်ထုတ် တော့ရပေ။] မြန်မာဂါထာ။ [နိဗ္ဗာန်ကြွသွား ဘုရားမြတ်စွာ၊ ကိုယ်တော်အစား ထားခဲ့ပေရှာ ပရမတ် ..ဝစ် ဓါတ်နှစ်ဖွေရှာ အဲဒါမှ မုချဒိဋ္ဌပါ။] မြန်မာဂါထာ

(ည) ဓါတ်ရှုတော့ (၁၀) ဌာနလဲရပုံ သစ္စာလေးပါး လဲရပုံမှာ—

[ပထဝီဓါတုံခေါ် ရာဟုလ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိံ ပဇဟာတိ ဝိစိကိစ္ဆံ ပဇဟာတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ။] ရာဟုလ သုတ်တော်မှ။ ကျဉ်း၊ ဘုရားဟောပါဠိတော်တပုဒ်ထဲမှ (၁၀) ဌာနရရှိပုံမှာ (၁) ပဌမတ်ပထဝီဓါတ်ကိုရရှိခြင်း။ (၂) ဓါတ်ထဲမှ အနိစ္စတွေ့ခြင်း။ (၃) ဓါတ်ထဲမှဒုက္ခတွေ့ခြင်း။ (၄) ဓါတ်ထဲမှ အနတ္တတွေ့ခြင်း။ (၅) ဇာနတော၊ ကိုယ်တွေ့ဖြင့်၊ ၁၄၊ ၆၊ ၈၊ ၃၂-ပါးတွေ့ခြင်း။ (၆) ပဿတောဉာဏ်၊ အမြင် ၁၆-ပါး၊ ၅၅-ပါး ၉၆-ပါးရရှိခြင်း။ (၇) သက္ကာယဒိဋ္ဌိ ၂၅၆ ပါးပယ်နိုင်ခြင်း။ (၈) ဝိစိကိစ္ဆာ ၃-ပါး၊ ၈-ပါး၊ ၁၆-ပါးကိုပယ်နိုင်ခြင်း။ (၉) အဝိဇ္ဇာ ၂-ပါး၊ ၅-ပါး၊ ၄-ပါး၊ ၈-ပါး ၁၂-ပါးကိုပယ်နိုင်ခြင်း။ (၁၀) မဂ်ဝိဇ္ဇာ၊ ဖိုလ်ဝိဇ္ဇာ၊ နိဗ္ဗာန် ဝိဇ္ဇာရခြင်းပါဘဲ။

**ဓါတ်ရှုလို့ သစ္စာလေးပါးရတယ်ဆိုတာ**

| | | | |
|---|---|---|---|
| ပထဝီဓါတု | စ္စ၊ ဒု၊ တ္တ၊ ဇာပဿ | ဒိဋ္ဌိ ဝိစိ အဝိဇ္ဇာ | ဝိဇ္ဇာဥပ္ပဇ္ဇတိ |
| ဒုက္ခသစ္စာရ | မဂ္ဂသစ္စာရပုံ | သမုဒယပယ် | မ၊ဖ၊နိဝိဇ္ဇာရ |

(ဠ) ဓါတ်ကြီးလေးဝ၊ ဗုဒ္ဓအမွေတော်၊ တိုင်းသူပြည် သား ရငြားစေမျှော် နယ်ကိုလှည့်ချတဲ့တဲ့ဟောဖေါ်၊ စိတ်တိုင်းကြရကြပါစေသော်။ မြန်မာဂါထာ။

(ဍ) ဓါတ်လေးရပ် လက်မှတ်အသချေ၊ မဂ်ပြေ, ဖိုလ်

သွား ရထားမင်္ဂ နိဗ္ဗာန်မြတ်နန်း တက်လှမ်းဝေကော ဒုက္ခ ဘေး ကင်းဝေး အသခေါ်။ မြန်မာကဝိထာ။

(၃) စိတ် ၁၂၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ်-၂၈ ပါး၊ သခ်တဓါတ်အားလုံး ဒုက္ခဖြစ်ပုံမှာ-။

| (၁-ပုံစံ) | | | (၂-ပုံစံ) | | |
|---|---|---|---|---|---|
| လောဘတခုကိုနမူနာပြမည် | | | လောဘတခုကိုနမူနာထုတ်ပြ | | |
| ဥပါဒ် | ဌီ | ဘင် | လောဘ | ဒေါသ | မောဟ |
| ဇာတိ | ဇရာ | မရဏ | ဇာတိ | ဇရာ | မရဏ |
| အနိစ္စ | ဒုက္ခ | အနတ္တ | သောက | ပရိ | ဒုက္ခ |
| | | | ဒေါမ | ဥပါယါ | ဒုက္ခန္ဓ |

(၁) ပုံစံ၌ ဥပါဒ်ဒုက္ခ၊ ဌီဒုက္ခ၊ ဘင်ဒုက္ခ၊ ဇာတိဒုက္ခ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ မမြဲခြင်းဒုက္ခ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုး မရခြင်းဒုက္ခ ၉-ပါးတို့ဟာ (လောဘ)တခု၌ ပါမြဲဖြစ်၍ လောဘကို ဒုက္ခသစ္စာဟူ၍၎င်း၊ ဒုက္ခလက္ခဏာ ဟူ၍၎င်း။ မိန့်ဆိုတော်မူကြပါတယ်။

(၂) ပုံစံ၌ လောဘမီး၊ ဒေါသမီး၊မောဟမီး ဇာတိမီး ဇရာမီး၊ ဥပါယာသမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ဒေါမနဿမီး၊ ဒုက္ခက္ခန္ဓာသ မီးဟူ၍ ဘဆဲ့တပါး ၁၂-ပါးတို့ဟာ(လောဘ)တခုထဲ၌ ရှိနေပါ၍ လောဘကို ဒုက္ခသစ္စာဟူ၍မိန့်ဆိုတော်မူကြသည်။(လောဘ) တခုထဲ၌ရှိ နေကြသော။ဒုက္ခတွေကို။ ကိလေသာတိုက်ပွဲကြီး။ ပထမတွဲ၊

ဒုတိယတဲ့၊ တတိယတဲ့၊ စတုတ္ထတဲ့၊ တို့၌ကြည့် ရှုကြပါလျှင် (သဘော)တခု-တခုမှာ ဒုက္ခတွေအသချေ်အနန္တ၊ အပ္ပရိမာဏ၊ အပရိစ္ဆိန္န၊ အပ္ပမာဏ၊ တွေကိုတွေ့ကြရမည် ပါမည်။

(၇၈) စိတ် စေတသိက် ရုပ် နိဗ္ဗာန်
လူနာ ရောဂါ ဆေး ပျောက်

ဤပုံစံ၌ စိတ်ဟာ လူနာ ရောဂါသည်နှင့်တူသည်။ ၎င်း စိတ်၌ စေတသိက်ထဲက ၁၅၀၀-ကိလေသာရောဂါတွေကပ် ပြီး နှိပ်စက်သောကြောင့်စိတ်ကလူနာနဲ့တူသည်။စေတသိက် က ရောဂါဝေဒနာ ၉၆-ပါးနှင့် တူသည်။ စိတ်မှာကပ်ပြီး နှိပ်စက်နေတဲ့ စေတသိက်ရောဂါ (၁၅၀၀)ကိလေသာတို့ကို ပျောက်ငြိမ်းစေရန် ရုပ်ဆေးကသောက်သုံးရသည်။ရုပ်ဆေး ကို သုံးစွဲမှု ပျောက်ငြိမ်းခြင်း၊နိဗ္ဗာန်ကိုရသည်။အဲဒါကျင့်စဉ် ပါဘဲ။ [စေတသိက် ရောဂါ ဝေဒနာဆိုတာ အကုသိုလ် စေတသိက်၁၄-ပါးကိုဆိုလိုပါ။၎င်းအထဲ၌ ဟေတုပစ္စယော ဖြစ်သော(လောဘ၊ဒေါသ၊မောဟ) ခေါင်းဆောင်ကိုဆို သည်။ [လောဘမှာ ကိလေသာ-၅၀၀၊ ဒေါသမှာ-၅၀၀၊ မောဟမှာ-၅၀၀ ဖြစ်၍(၁၅၀၀)ဟုဆိုသည်။ လောဘ ဖြစ် လျှင် ၅၀၀-ပါမြဲတည်း။ ကျန်ဒါ၌ (၅၀၀)စီ မှီကြသည်။ အကုသိုလ် စေတသိက်ထဲက [လောဘ၊ ဒေါသ၊ မောဟ] ခေါင်းဆောင် ၃-ဦးကိုသတ်ပါ။

| | | | | |
|---|---|---|---|---|
| (၅၉) | ဓါတ် | ဓါတ် | ဓါတ် | ငါးကျင်းဆီးနှင့် ငါး |
| | လောဘ | ဒေါသ | မောဟ | ကျင်း သား ကို ကျော် |
| | ၅၀၀ | ၅၀၀ | ၅၀၀ | သက်၍သို့ခန္ဓာထဲကဓါတ် |

နှ့် ခန္ဓာထဲက ကိလေသာကို သတ်ရသည်။

## (၆၀) လောဘဆိုတာ မကောင်းဘူးတဲ့ ကောင်းအောင်ပြုပြင်ကြပါ

လောဘသဘောကြောင့် ဒိဋ္ဌိ ၂၅၆-ကွာရသည်။
လောဘဥ္စအဖြစ်တွေ့ ဥစ္စာဒိဋ္ဌိ ၅-ပါးကွာ၏။
လောဘအပျက်တွေ့ သဿတဒိဋ္ဌိ ၁၅-ပါးကွာ၏။
လောဘ သဘောတွေ့ ပရိသုဒ္ဓဖြစ်ရသည်။
လောဘအကြောင်းတွေ့ ပရိယောဒါတ ဖြစ်သည်။
လောဘသဘောတွေ့ ဝိရဇမြူကင်းသည်။
လောဘအကြောင်းတွေ့ ဝိတမလ အညစ်ကင်း၏။
လောဘဥ္စ အနိစ္စတွေ့ နိစ္စဒိဋ္ဌိကွာရသည်။
လောဘဥ္စ ဒုက္ခတွေ့ သုခဒိဋ္ဌိကွာရသည်။
လောဘဥ္စ အနတ္တတွေ့ အတ္တဒိဋ္ဌိကွာရသည်။
လောဘဥ္စ သစ္စာလေးပါး ပေါ်ရသည်။
လောဘ ပရမတ်မို့ ပညတ်ကွာရသည်။
လောဘ လောကုတ်မို့ လောကီကွာရသည်။
လောဘ (သဘောဟုတ်မှ လောကုတ္တရာ) ဖြစ်။
လောဘသဘောမို့ အထယ်ဒြပ် ကွာရ၏။
လောဘသဘောသိ ဝိဇ္ဇာ အဝိဇ္ဇာကွာရ၏။ စသည်ဖြင့်

ဉာဏ်ကျယ်သမျှ ချဲ့၍ ဟောပြောကြပါကုန်။ (အသုဘ) ဘောင်မှ သမထ၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ စျာန်ကိုး စျာန်ရသေးသည်။

(၆၁) နိဗ္ဗာန်ကြောင့်ချုပ်ထါငြိမ်းတါကိုထါးဦးတော့ (သိ)ကြောင့်ချုပ်ထါငြိမ်းဘါကိုကြည့်ကြပါဦး။ (၁)သိ၍ နာမပညတ်မပါမရှိပါ။ နာမပညတ်ချုပ်ငြိမ်းရ၏။ (၂) သိ၍သဘော ရှိနေတာမို့ အဘာဝပညတ်ချုပ်ငြိမ်းရ၏။(၃) သိ၍ပုံစံမပါ၊အတ္တပညတ် ချုပ်ငြိမ်းရ၏၊(၄)သိ၍ဝိဇ္ဇမာန စသောသဒ္ဒပညတ်တွေချုပ်ရ၏။(၅)သိ၍ မိမ္မ-ယောကျ်ား စသည်မပါ။ပုဂ္ဂလပညတ်တွေချုပ်ရ၏။(၆)သိ၍ ငါသူမပါ ဒိဋ္ဌိတွေချုပ်ရ၏။ (၇)သိ၍ အကြောင်းအကျိုးပါ၍ ဝိစိကိစ္ဆာတွေချုပ်ရ၏။(၈)သိ၍လှုတာမပါကံချုပ်။(၉)သိ၍လှုတာမပါလို့ လောဘမဖြစ်။လောဘမီးငြိမ်း(၁၀)သိ၍ လောဘမပါ၍ ပြိတ္တာမဖြစ်ချုပ်၏။(ရင်း ၈၊၉၊၁၀)ကား ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် ပြုတ်ပုံ ချုပ်ဟုသိကြပါ။ (၁၁)သိ၍ မလှုတာမပါ၊ ကမ္မဝဋ်ချုပ်။ (၁၂)သိ၍ မလှုတာမပါသို့ ဒေါသမထွက်၊ကိလေသာဝဋ်ချုပ်၏။ (၁၃)သိ၍ ဒေါသမထွက်တော့ ငရဲမဖြစ်ရ ဝိပါကဝဋ်ချုပ်၊ (၁၄) သိ၍ မလှု-တလှု အလတ်စားမပါ၊ ကမ္မဝဋ်ချုပ်။ (၁၅) သိ၍ အလတ်စားမပါလို့ မောဟမဖြစ်၊ကိလေသဝဋ်ချုပ် (၁၆)သိ၍၊မောဘမပါသို့ တိရစ္ဆာန် အသူရကာယ်မဖြစ်။ ဝိပါကဝဋ်ချုပ်။(၁၇)သိ၍ ပြခဲ့ပြီးအတိုင်း မီး ၃-ပါးငြိမ်း

ၡ်။ (၁၈)သေိဳ့ ပြခဲ့ပြီးအတိုင်း အပါယ်တံခါးပိတ်ရ၏။ (၁၉)သေိဳ့လောဘ၊ဒေါသ၊မောဟမပါ၍ ၁၅၀၀ ကိလေသာတွေချုပ်ရ၏။ (၂၀) သေိဟာသဘောမှ (သဘောဟုတ်မှလောကုတ္တရာ)အရ။ လောကုတ္တရာဖြစ်၊လောကီချုပ်ရ၏။ယခုလို သေိကို(၂၀)နှင့်ပြခြင်းသည်။နမူနာသာဖြစ်၏။ အကျယ်ချဲ၍ပြကြပါလေ။

(၆၂ (သေိ) နာမရူပ ပရိစ္ဆေဒဉာဏ်က မြင့်ဝကျ်၍ ပေးပုံကိုသိသွား ပါရန်။(က)သေိက ရုပ်နာမ်ပို့။(ခ သေိက လက္ခဏာရေးသုံးပ းပို့။ (ဂ)သေိက ပရိညာသုံးပါးပို့။ (ဃ)သေိက သစ္စာလေးပါးပို့ င)သေိက ခန္ဓာ၅-ပါးပို့။ (စ) သေိက ဝိသုဒ္ဓိ ၇-ပါးပို့ (ဆ)သေိက သတိပဋ္ဌာန်းလေးပါးပို့။ (ဇ) သေိကဘုဒ္ဓိပါဒ်လေးပါးပို့။ (ည)သေိကဣန္ဒြေ ၅ ပါးပို့။ (ဋ)သေိက ဗိုလ်၅-ပါးပို့။(ဌ သေိကဗောဇ္ဈင် ၇-ပါးပို့၊(ဍ သေိက မဂ္ဂင်၈-ပါးပို့။(ဎ သေိက ဉာဏ် ၁၆-ပ း။ဉာဏ်စဉ် ၅၅ ပါး။ ဉာဏ်စဉ် ၉၆-ပ းပို့။(ဏ)သေိကမဂ်လေးပါးပို့။(တ)သေိကဖိုလ်လေးပါးပို့၊(ထ)သေိကနိဗ္ဗာန်ပို့ပုံတွေကို ဝိပဿနာ အိုးဆောင်ကျမ်း၌ (၂၀)နှင့် ပေါ်ပြခဲ့ပါပြီ၊ ရှာဖွေ၍ ကြည့်ရှုကြပါကုန်။

| | |
|---|---|
| ဗြဟ္မာ ၁၅၀၁မီး | နတ် ၁၅၀၁-မီး |
| မိမ္မ ၁၅၁၀မီး | ယောကျ်ား ၁၅၀၀-မီး |

ဤပုံစံကို ကြည့်တော့ ဗြဟ္မာတဦးတဦးစီမှာ ၁၅၀၀-မီးတွေနဲ့ပါ။နတ်တဦးတဦးမှာလဲ ၁၅၀၀-မီးတွေနဲ့ပါ ယောကျ်ားတဦး တဦး မှာလည်း။ ၁၅၀၀-မီးတွေနဲ့ပါ။ ဒီလိုဆိုတော့။ ဗြဟ္မာတိုင်း၊ မီးတွေ

၁၅၀၀-နဲ့၊ နတ်တိုင်း ၁၅၀၀-မီးတွေနဲ့၊ ယောကျ်ားတိုင်း ၁၅၀၀-မီးတွေနဲ့၊ မိမ္မတိုင်း ၁၅၀၀-မီးတွေနဲ့ ဖြစ်ကြတာမို့ ၃၁-ဘုံထောင်ကြီးဟာ မီးကျီးတွင်း၊ မီးကျီးစုတွေပါဘဲ။ မဟာ့မဟာဒုက္ခတွေနဲ့ပါတကား။ အဲဒီလို မီးစု မီးကျီးတွင်း ထဲမှပင် သမုဒ္ဒရာသဲလုံးနှင့် အမျှသော မြတ်စွာဘုရားတွေ ထွက်လာကြတယ်။ ပစ္စေကဗုဒ္ဓါတွေလဲ ဤမျှမကဘဲ ထွက် လာကြတယ်။ ကဿပ တဆူပွင့်ဦးတော့ နောက်တော်ပါးက ၂၄-သင်္ချေ။ ကုဋေ(၆၀)ဗိုလ်ခြေတသိန်း စုပြုံပြီးထွက်လာ ကြတယ်။ အားလုံးတို့ဟာ မီးကျီးတွင်းထဲမှ နိဗ္ဗာန်ဆီသို့ ထွက်လာကြတယ်။ (ရုပ်မှာ ၉၆-ပါး ရောဂါ ကပ်သည်။ ဒုက္ခနဲ့အနတ္တပါဘဲ။)X (နာမ်မှာလဲ ၁၅၀၀-ကိလေသာတွေ ကပ်ကြသည်။ဒုက္ခနဲ့ အနတ္တပါဘဲ။ဒါသိတော့ မလိုချင် သမု ဒယပယ်ရော၊ ပယ်တော့ကျွတ်လွတ်တဲ့ မဂ္ဂသစ္စာဖြစ်ရောဖြစ် တော့ ဘေးကင်းမြတဲ့ နိရောဓသစ္စာဖြစ်ရော၊ ဒီလိုဒုက္ခဟာ သစ္စာလေးပါးဖြစ်ဘို့ ဖန်တီးလာတဲ့တရားပါဘဲ။ (သတိ)

## (၆၃) ၄-သင်္ချေ သုညကမ္ဘာတွေ၌ ဒါ,သီ,ထ ၃-မျိုးသာရှိကြပုံ ၀ိပဿနာမရှိပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဒီ | ၁ | ကော | ၂ | မင်္ဂလ | ၃ | အနောမ | ၄ | ပဒု |
| ပင်္က | ဒါ | ဏ္ဍ | ဒါ | ဘုရား | ဒါ | ဒဿီဘုရား | ဒါ | မုတ္တို |
| ရ | သီ | ည | သီ | သောဘိ | သီ | နာရဒ | သီ | ဘု |
| ဘုရား | ထ | ဘုရား | ထ | တဘုရား | ထ | ဘုရား | ထ | ရား |

(ဒါ,သီ,ထ) ၃-ပါးထဲသာ ရှိနေသော ၁။ ၂။ ၃။ ၄။

ဂဏန်း လေးဌာနကား ၄-သင်္ချေတည်း။ ဤပုံစံအတိုင်းဆို တော့(ဘုရား၊တရား၊သံဃာ)သာသနာမရှိသောသုညကမ္ဘာကြီး တွေဟာ ၄-သင်္ချေတောင် တွေ့ခဲ့ရတဲ့ (က)ဒီပင်္ကရာ ဘုရားနှင့် ကောဏ္ဍညဘုရားနှစ်ဆူတို့အကြားကားသုညကမ္ဘာကြီးတသင်္ချေ တည်း။ရင်း၌ ဒါ,သီ,ထ သာရှိနေပါတယ်။ဝိပဿနာမရှိ ပါဘူး။ နစ်နာလှ၏။(ခ)ကောဏ္ဍညဘုရားနှင့် မင်္ဂလဘုရား။ သောဘိတ ဘုရားတို့အကြားလဲ သုညကမ္ဘာကြီးတသင်္ချေပါဘဲ။ရင်း၌ဒါသီ ထသာရှိပါတယ်။ ဝိပဿနာမရှိပါဘူး။နစ်နာလှပါ၏။(ဂ)မင်္ဂလ သောဘိတဘုရားနှင့်အနောမဒဿီ၊ နာရဒဘုရားအကြားဟာ လဲ၊ သုညကမ္ဘာကြီး တသင်္ချေပါထဲ။ ရင်း၌ ဒါ,သီ,ထသာရှိ၍ ဝိပဿနာမရှိခဲ့ပါ၊နစ်နာလှ၏။(ဃ)အနောမဒဿီ၊နာရဒဘုရား နှင့်ပဒုမုတ္တရဘုရားအကြားဟာလဲ သုညကမ္ဘာကြီး တသင်္ချေပါ ဘဲ။ရင်း၌ ဒါ,သီ,ထ,သာရှိ၍ ဝိပဿနာမရှိပါ။နစ်နာလှ၏၊ ယခု ပြတဲ့ ၄-သင်္ချေ သုညကမ္ဘာကြီးတွေနဲ့ နေခဲ့ရတုန်းက ဒါန၊သီလ သမထ ပညတ်နဲ့၊ ဓမ္မနဲ့ သာ နေခဲ့ကြရတယ်။ (ဝိပဿနာနဲ့၊ ပရမတ်နဲ့ သဒ္ဓမ္မနဲ့ မနေခဲ့ရပါ။ သိပ်နစ်နာခဲ့ကြရသည်။ လေး သင်္ချေနှင့်ကမ္ဘာတသိန်းမှာ ဘုရားပေါင်း(၂၇)နှစ်ကျိပ် ၇-ဆူမျှ သာ(ဒါ,သီ,ထ,ဝိ) လေးဘက်၊ လေးတန်နဲ့ နေခဲ့ကြရတယ်။ အဲဒါတွေကို စုစုပေါင်းကြည့်ဦးတော့ (ဒါ,သီ,ထ,ဝိ) ၄-ဘက် လေးတန်ကိုပြုပြုနေခဲ့ရသော ဘဝတွေဟာ (အန္တရကပ်) တကပ် စာပင်မရှိသေးပါ၊မရှိသေးပေမဲ့ (အန္တရကပ်)တကပ်စာမျှ ပြုခဲ့မိ သော၄-ဘက်၊၄-တန်ကတွေကြောင့်၄-သင်္ချေနှင့် ကမ္ဘာတသိန်း တုန်းကပြုခဲ့သော ကိလေသာတွေကို အနိုင်ရသေးပါတကား။

ဤဆရာတော်ဘုရား ရေးသားသော စာအုပ်များကို
ကူးယူပုံနှိပ်ခွင့်မပြု။

၁၃၃၀-နှစ်အတွက်

# ဉာဏစာဂီ မဟာထေရ်၏
# သာသနာပြုခဲ့ရာ

အဖွဲ့ကြီး လတ်-ငယ် ပေါင်း....(၄၃၆)ဖွဲ့။

စာအုပ်ပေါင်း.... (၁၃၃၉၅၅)

စာအုပ်မှ ဓမ္မစေတီပေါင်း .... (၂၇၆၉၄၉×၄၆၈၃၈၆၆)

စာရွက်ချပ်ရေပေါင်း.... (၂၈၇၅၀၅၀)

ချပ်ရေမှ ဓမ္မစေတီပေါင်း....(၂၈၆၄၅×၉၃၃၀၆၀၀)

ယောဂီပေါင်း....(၆)သန်း၊ (၅)သိန်းကျော်

ငါးမိနစ် အလှူခံသည်။

၁၃၃၀-ပြည့်နှစ်၊ တော်သလင်း လပြည့်နေ့က စခဲ့သည်။

(နတ်,လူ သာဓု ခေါ်စေသော်။)

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

---

(အောင်သစ္စာစာပေတိုက်)(အောင်သစ္စာပုံနှိပ်တိုက်)
အမှတ်-၁၈၊ ကမာရွတ် လက်ခုပ်ပင်၊ မှတ်ပုံတင်(၀၁၄၈)(၀၃၅၃)
မောင်တူးက ပုံနှိပ်ထုတ်ဝေသည်၊